
စိတ်ကူးချိုချိုအနုပညာ

# ပါရဂူ
# ဂိုအင်ကာ၏
# အတ္တကထာ



တရေးဆရာကြီးပါရဂူ
မကွယ်လွန်မီက စီစဉ်ခဲ့ပြီး
လုံးချင်းအဖြစ် မထုတ်ဝေ
ရသေးသော တအုပ်

mgyoe.com

mgyoe.com

ယခု ဂိုအင်ကာဂျီ၏ 'အတ္တကထာ'ကို ရေးနေပြီ။
ဂိုအင်ကာဂျီ 'အတ္တကထာ'ကို ရေးသားရာ၌
သဒ္ဒဝေဓိလေးပစ်နည်းနှင့် ပစ်ခြင်းမဟုတ်ဘဲ
မိမိသိသော၊ မိမိ လက်လှမ်းမီသော၊ မိမိနှင့်
ထိတွေ့မှုရှိသော ဂိုအင်ကာဂျီ၏ အတ္ထုပ္ပတ္တိသည်
မိမိမျက်မှောက်တွင် မြင်တွေ့နေရသောပစ်မှတ်နှင့်
တူသည်ဖြစ်၍ မိမိ၏ကလောင်မြားသည်
ပစ်မှတ်ကို ဒက်ခနဲ သွားစိုက်နိုင်သည်။
တိမ်းစောင်းသွားစရာအကြောင်း မရှိပေ။



pyg0014
2300.00 Ks
mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

၈၀၈·၈၃

ဂိုအင်ကာ၏အတ္ထုပ္ပတ္တိ
ပါရှု - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၉၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) ဂိုအင်ကာ၏အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်



# ဂိုအင်ကာ၏အတွေ့ကထာ

ပါရဂူ

ပထမအကြိမ်

mgyoe.com

mgyoe.com

# ဂိုအင်ကာ ၏ အတ္တကထာ

ပါရဂူ

၁၂/ ၈ /၀၉

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစကား | က |
| ၁။ | ဓမ္မတိုင်းပြည်မှာ ၁၂၅ နှစ်ကြာ | ၁ |
| ၂။ | အတိတ်၏ပြတင်းမှ | ၁၆ |
| ၃။ | ညီအစ်ကို | ၂၅ |
| ၄။ | ဦးချန်ထွန်း၏ ကျေးဇူး | ၂၉ |
| ၅။ | ဆရာ့ခြေရင်း | ၃၂ |
| ၆။ | ကတညုတမင်္ဂလာ | ၃၇ |
| ၇။ | ၁၅ နှစ် ခရီး | ၄၄ |
| ၈။ | နှစ် ၂၀ ခရီး | ၄၉ |
| ၉။ | ဆရာကြီး၏ မေတ္တာကရုဏာ | ၆၁ |
| ၁၀။ | IMC နှင့် ကမ္ဘာ့ဝိပဿနာခရီး | ၆၇ |
| ၁၁။ | မြန်မာရဟန်းသံဃာ | ၉၃ |
| ၁၂။ | မြန်မာပဋိပတ္တိသမိုင်း | ၁၀၂ |
| ၁၃။ | ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကိုယ်တွင်းငြိမ်းချမ်းရေး | ၁၁၄ |
| ၁၄။ | ဗုဒ္ဓ – ငြိမ်းချမ်းရေးမဟာသိပ္ပံပညာရှင် | ၁၂၀ |
| ၁၅။ | ကိုယ်တွေ့ယူနီဗာဆယ်ဗုဒ္ဓဓမ္မ | ၁၃၆ |
| ၁၆။ | သမ္မာသမာဓိ အာနာပါနသတိ | ၁၅၇ |
| ၁၇။ | ပညာအလေ့အကျင့် ဝိပဿနာဘာဝနာ | ၁၇၄ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ကျွန်တော်၏ 'ပရကထာ' စာအုပ်အမှာစာ၌ အတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ ဤသို့ ရေးသားထားသည်။

"အိန္ဒိယ ရှေးဟောင်း လေးအတတ်ပညာ၌ ပစ်မှတ်ကို မမြင်တွေ့ရသော်လည်း အသံကြားရာကို မှန်းပြီးပစ်သည့် လေးပစ်နည်းတစ်နည်း ရှိသည်။ ယင်း လေးပစ်နည်းကို 'သဒ္ဒဝေဓိ လေးပစ်နည်း' ဟု ခေါ်သည်။ မည်မျှကျွမ်းကျင်မှု ရှိသော လေးသည်တော်ပင်ဖြစ်စေကာမူ အသံကြားရုံသာ ကြားရပြီး မျက်စိဖြင့် မမြင်မတွေ့ရသော ပစ်မှတ်ကို ထိမှန်အောင် ပစ်နိုင်ဖို့ရန်မှာ မလွယ်ပေ။ မိမိမျက်မှောက်ရှိ ပစ်မှတ်ကို မြားစိုက်သွားအောင် ပစ်နိုင်ရန်မှာမူ သာမန် လေးအတတ်ပညာ တတ်ထားသူအတွက်ပင် မဖြစ်နိုင်စရာအကြောင်း မရှိပေ။ သဒ္ဒဝေဓိပစ်နည်းဖြင့် အသံကြားရာကို မှန်းပစ်လျှင်ကား အတိမ်းအစောင်း ရှိလာနိုင်သည်။

"မိမိမသိသော မိမိ လက်လှမ်းမမီသော ပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိကိုရေးခြင်းသည် သဒ္ဒဝေဓိ လေးပစ်ခြင်းနှင့် တူသည်။ ပစ်မှတ်ကို မထိဘဲ တလွဲတချော် ဖြစ်သွားနိုင်သည်။ မိမိသိသော၊ မိမိလက်လှမ်းမီသော၊ မိမိနှင့် ထိတွေ့မှုရှိသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိကို ရေးခြင်းမှာမူ မိမိမျက်မှောက်တွင် မြင်တွေ့နေရသော ပစ်မှတ်ကို ချိန်ပြီး ပစ်လိုက်သော မြားနှင့်တူသည်။ မြားသည် ပစ်မှတ်ကို ဒက်ခနဲ သွားစိုက်နိုင်သည်။ လေးအတတ်ပညာ အလေ့အကျင့် လုံးဝမရှိသူမှသာ ပစ်မှတ်လွဲသွားနိုင်သည်။

mgyoe.com

mgyoe.com



ယခု ဂိုအင်ကာဂျီ၏ 'အတ္တကထာ'ကို ရေးနေပြီ။ ဂိုအင်ကာဂျီ 'အတ္တကထာ'ကို ရေးသားရာ၌ သဒ္ဒဝေဓိလေးပစ်နည်းနှင့် ပစ်ခြင်းမဟုတ်ဘဲ မိမိသိသော၊ မိမိ လက်လှမ်းမီသော၊ မိမိနှင့် ထိတွေ့မှုရှိသော ဂိုအင်ကာဂျီ၏ အတ္ထုပ္ပတ္တိသည် မိမိမျက်မှောက်တွင် မြင်တွေ့နေရသော ပစ်မှတ်နှင့် တူသည်ဖြစ်၍ မိမိ၏ ကလောင်မြားသည် ပစ်မှတ်ကို ဒက်ခနဲ သွားစိုက်နိုင်သည်။ တိမ်းစောင်းသွားစရာအကြောင်း မရှိပေ။

မိမိနှင့် ဂိုအင်ကာဂျီ၏ဆက်သွယ်မှုသည် မိမိ အိန္ဒိယနိုင်ငံမှပြန်လာပြီး စာပေလောကထဲ ဝင်ရောက်သည့်အချိန်မှ စတင်ခဲ့သည်။ ထိုအချိန်က ဂိုအင်ကာဂျီသည် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သည်။ မိမိလည်း အိန္ဒိယနိုင်ငံ၌ ဟိန္ဒီစာပေသင်ကြားဆည်းပူးလာခဲ့သူဖြစ်၍ ဂိုအင်ကာဂျီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော ဟိန္ဒီစာပေအသင်းကြီး၏ အမှုဆောင်တစ်ယောက်ဖြစ်လာသည်။ မိမိနှင့် ဂိုအင်ကာဂျီ၏ အစ ပထမဆက်သွယ်မှုသည် ဓမ္မပလက်ဖောင်းပေါ်၌ မဟုတ်ပေ။ ဟိန္ဒီစာပေ ပလက်ဖောင်းပေါ်၌ ဖြစ်သည်။

၁၉၈၆ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရာမကရိရှဏာမစ်ရှင် ခန်းမတွင် ဟိန္ဒီစာပေနှင့်ပတ်သက်ပြီး မိမိ၏ဆောင်ရွက်ချက်ကို ဂုဏ်ပြုသည့်အနေနှင့် မြန်မာ–ဟိန္ဒီစာပေအသင်းကြီးက ရွှေတံဆိပ် ပေးအပ်ချီးမြှင့်သည်။ ယင်းရွှေတံဆိပ်မှာ မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း ဥက္ကဋ္ဌ ဂိုအင်ကာဂျီ ပေးသော ရွှေတံဆိပ်ဖြစ်သည်။ ယင်းရွှေတံဆိပ် ပေးအပ်ချီးမြှင့်ပွဲ၌ မြန်မာ–ဟိန္ဒီ နှစ်ဘာသာဖြင့် မိမိအား ရည်ညွှန်း၍ ဂိုအင်ကာဂျီ ရေးသားသော ချီးကျူးဂုဏ်ပြုလွှာကို ဖတ်ကြားသည်။ ယင်းဂုဏ်ပြုလွှာတွင် "အိုစာပေ ပျားပိတုန်း၊ သင်သည် ဟိန္ဒီစာပေထဲက ပန်းပွင့်များဖြင့် မိခင် မြန်မာစာပေကို တန်ဆာဆင်၏။ ဟိန္ဒီစာပေ၏ ရတနာများဖြင့် မြန်မာစာပေ ဘဏ္ဍာတိုက်ကို ဖြည့်တင်းပေးခဲ့၏။ သင်သည် ဟိန္ဒီစာပေ ဆီမီးကို မြန်မာစာပေခန်းဆောင်ထဲတွင် ထွန်းညှိပေး၏။ သင်သည် ဂင်္ဂါ၏ မွန်မြတ်သော ရေကို ဧရာဝတီ၏ လေးစားအပ်သော ရေထဲတွင် စီးဆင်းစေ၏။ သင်သည် ဟိန္ဒီစာပေ၏ ဂုဏ်သိက္ခာကို မြန်မာစာပေနယ်ထဲတွင် ပြန့်ပွားအောင် ပြုမူ၏။ အို စာပေ ကျောက်မျက်ရတနာတစ်ပွင့်၊ ယနေ့ သင့်ကို ဂုဏ်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့ မိခင် မြန်မာစာပေနှင့် မိခင် ဟိန္ဒီစာပေကို ဂုဏ်ပြုနေကြသည်။ မြန်မာနှင့် အိန္ဒိယ၏ ယဉ်ကျေးမှုအဆက်အသွယ်ကို ဂုဏ်ပြုနေကြသည်။ ရှေးအစဉ်အလာက ဆင်းသက်လာခဲ့သော၊ ကျိုးပြတ်သွားခြင်း မရှိသော မြန်မာနှင့် အိန္ဒိယ၏ မေတ္တာနှောင်ကြိုးကို ဂုဏ်ပြုနေကြသည်" စသည်ဖြင့် ရေးသားဖော်ပြထားသည်။

ဟိန္ဒီပလက်ဖောင်းပေါ်၌ တည်ဆောက်ထားသော မိမိနှင့် ဂိုအင်ကာဂျီ၏ ရင်းနှီးမှုသည် သူ အိန္ဒိယသို့ ဓမ္မခရီး မထွက်ခင်အချိန်အထိ ဆတက်ထမ်းပိုး တောင့်

mgyoe.com

mgyoe.com

တင်းခိုင်မြဲလာသည်။

မြန်မာနိုင်ငံ၌ နိုင်ငံခြားဘာသာသင် တက္ကသိုလ်ရှိသည်။ ယင်း တက္ကသိုလ်၌ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ဂျာမန်ဘာသာ၊ ပြင်သစ်ဘာသာများသင်ကြားသည့် ဌာနများရှိသော်လည်း မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံလည်းဖြစ်သော၊ မဟာမိတ်နိုင်ငံလည်းဖြစ်သော အိန္ဒိယနိုင်ငံတော်၏ နိုင်ငံတော်ဘာသာ ဟိန္ဒီသင်ကြားသည့် အစီအစဉ် မရှိပေ။ မိမိနှင့် ဂိုအင်ကာဂျီသည် နိုင်ငံခြားဘာသာသင် တက္ကသိုလ်သို့သွား၍ နိုင်ငံခြားဘာသာသင် တက္ကသိုလ်၌ ဟိန္ဒီဘာသာ သင်ကြားရေး အဆိုပြုခဲ့ကြသည်။ ထိုအချိန်က နိုင်ငံခြားဘာသာသင်တက္ကသိုလ်၏ ပါမောက္ခချုပ်မှာ ဦးယုခင် ဖြစ်သည်။ ဂိုအင်ကာဂျီက "အကယ်၍ နိုင်ငံခြားဘာသာသင်တက္ကသိုလ်၌ ဟိန္ဒီဘာသာဌာနတစ်ခု ဖွင့်ပြီး သင်ကြားမည်ဆိုလျှင် အိန္ဒိယနိုင်ငံမှ ဟိန္ဒီ ဘာသာသင်ဆရာ ခန့်ထားရေးနှင့် ဟိန္ဒီစာအုပ်စာတမ်းများ ရရှိရေးအတွက် တာဝန်ယူပါမည်" ဟူ၍ ပြောကြားခဲ့သည်။

ထိုအချိန်က DSI က ဖွင့်ထားသော စာအုပ်ဆိုင်ကြီးရှိသည်။ ယင်းစာအုပ်ဆိုင်ကြီး၌ နိုင်ငံခြားမှတင်သွင်းသော စာအုပ်မျိုးစုံ ဝယ်ယူရရှိနိုင်သည်။ တစ်နေ့ ဂိုအင်ကာဂျီနှင့် မိမိ ယင်းစာအုပ်ဆိုင်ကြီး ရောက်သွားသည်။ ဂိုအင်ကာဂျီသည် သူ၏ ကိုယ်ပိုင်စာကြည့်တိုက်အတွက် စာအုပ်များကို ဝယ်ယူသည်။ ထိုအချိန်က ယင်းစာအုပ်ဆိုင်ကြီးမှ ဂိုအင်ကာဂျီ ဝယ်ယူသော စာအုပ်များထဲတွင် ဒေါက်တာထင်အောင် အင်္ဂလိပ်ဘာသာပြန်ထားသော သင်္ချိုဇာစကားပုံစာအုပ်တစ်အုပ်လည်း ပါသည်။ ဂိုအင်ကာဂျီ၏အိမ်၌ Home Library ကိုယ်ပိုင်စာကြည့်တိုက်ရှိသည်။ ဂိုအင်ကာဂျီသည် ဟိန္ဒူလူမျိုးများ အမြတ်တနိုးထားသော နွားလားဥသဘရုပ်ကို သူ၏ ကိုယ်ပိုင်စာကြည့်တိုက်၏ အမှတ်တံဆိပ်လုပ်ထားသည်။ ဂိုအင်ကာဂျီ၏ ကိုယ်ပိုင်စာကြည့်တိုက် သွားပြီး မိမိလိုချင်သော စာအုပ် ယူလာခဲ့သည်များလည်း ရှိသည်။

ဂိုအင်ကာဂျီသည် စာမျိုးစုံ ရေးသည်။ ဝိပဿနာဆရာကြီး ဖြစ်လာသော အခါ ဓမ္မနှင့်ပတ်သက်သော စာအုပ်များစွာကို ရေးသားပြုစုသည်။ ဝိပဿနာဆရာကြီး မဖြစ်ခင်ကလည်း စာရေးဆရာတစ်ဦး ဖြစ်သည်။ ရာမနှင့်ပတ်သက်သော သုတေသန စာတမ်း ရေးသည်။ ကဗျာဆရာလည်း ဖြစ်သည်။ ကုန်သွယ်ရေးအဖွဲ့နှင့် မော်စကို သွားသောအခါ မော်စကို ရေဒီယိုမှ ကိုယ်တိုင်ရေး 'ရောဝတီ' အမည်ရှိကဗျာကို ရွတ်ပြခဲ့ရာအားလုံး၏ အချီးကျူးခံရသည်။

ထိုအချိန်က မြန်မာနိုင်ငံ၌ ဟိန္ဒီစာသင်ကျောင်းများ ရှိသည်။ ဟိန္ဒီ စာသင်ကျောင်းများ၌ အိန္ဒိယမျိုးနွယ်ကျောင်းသားများကို ဟိန္ဒီစာ သင်ပေးသည်။ သို့သော်လည်း ထိုအချိန်က အခြေအနေအရ အိန္ဒိယနိုင်ငံမှ ဟိန္ဒီဖတ်စာ စာအုပ်မှာဖို့ မလွယ်သဖြင့်

mgyoe.com

mgyoe.com



ဟိန္ဒီစာသင်ကျောင်းများ၌ ဟိန္ဒီစာ သင်ပေးဖို့ အခက်အခဲရှိနေသည်။ ယင်းအခက်အခဲကို ဂိုအင်ကာဂျီက ဖြေရှင်းပေးသည်။ သူကိုယ်တိုင် ဟိန္ဒီဖတ်စာအုပ် ရေးသည်။ သူ ရေးသော ဟိန္ဒီဖတ်စာ စာအုပ်များသည် အိန္ဒိယနှင့် ပတ်သက်သော စာအုပ်များမဟုတ် မြန်မာပြည်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးစံနှင့် ပတ်သက်သော စာအုပ်များ ဖြစ်သည်။

ဟိန္ဒီဖတ်စာ စာအုပ်များ ရေးပြီးသောအခါ ပုံနှိပ်ထုတ်ဝေဖြန့်ချိဖို့ လိုလာသည်။ ဂိုအင်ကာဂျီကိုယ်တိုင် သူ့မိတ်ဆွေ ဂေါက်တမ်ဘာရဒွါဇနှင့်အတူ ကျွန်တော့်အိမ် ပေါက်ချလာသည်။ ကျွန်တော်ကိုယ်တိုင် ကိုယ့်ထုတ်ဝေခွင့် မှတ်ပုံတင်ကတ်ပြားနှင့် စာအုပ်ထုတ်ဝေသည်ဖြစ်၍ ကျွန်တော့်ထံ လာကြခြင်းဖြစ်သည်။ ဂိုအင်ကာဂျီရေးသော ဟိန္ဒီဖတ်စာ စာအုပ်များကို သဃ်န်းကျွန်းရှိ ဗြဟ္မပရင်းတင်း ဟိန္ဒီစာပုံနှိပ်တိုက်၌ ကျွန်တော်က တာဝန်ယူပြီး ပုံနှိပ်ထုတ်ဝေပေးရသည်။ ထုတ်ဝေရေး စရိတ်စကအတွက် သူ့အဘိုး ဘဆေလာလ် အထိမ်းအမှတ် စာပေရန်ပုံငွေက စိုက်ထုတ်သည်။

၁၉၆၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်တွင် ရာဟုလာသံကိစ္စည်းသည် တရုတ်ပြည်မှတစ်ဆင့်သွားမည့် တိဘက် ပဌမအကြိမ်ခရီး ထွက်လာသည်။ ရာဟုလာ သံကိစ္စည်းသည် ရန်ကုန်မြို့ဝင်ပြီး နှစ်ရက် သုံးရက် နေမည် ဆိုသည့်အကြောင်း မိမိ ထံ စာပေးပြီး အကြောင်းကြားသည်။ ရာဟုလာသံကိစ္စည်း ရောက်လာမည့်နေ့၌ ဂိုအင် ကာဂျီနှင့် ဦးသိန်းဖေမြင့်ကိုခေါ်ပြီး လေဆိပ်သွားကြိုသည်။ အမှန်က ရာဟုလာသံ ကိစ္စည်းနှင့် ရင်းနှီးသူမှာ မိမိဖြစ်နေ၍ ရာဟုလာသံကိစ္စည်း ရန်ကုန်မြို့၌ ရှိနေစဉ်အတွင်း နေရေးထိုင်ရေးအတွက် မိမိက တာဝန်ယူရမည်။ သို့သော်လည်း ယင်းတာဝန်မှာ ကြီး လေးသော တာဝန်ဖြစ်နေ၍ မိမိအနေနှင့် မယူနိုင်သောကြောင့် ဂိုအင်ကာဂျီအား လွှဲပေး လိုက်ရသည်။ ဂိုအင်ကာဂျီက သူ့တိုက်အပေါ်ထပ်၌ နိုင်ငံခြားဧည့်သည်များ လာလျှင် တည်းခိုလေ့ ရှိသော အခန်းထဲတွင် ရာဟုလာသံကိစ္စည်းကို နေရာချပေးလိုက်သည်။ ရန်ကုန်မြို့၌ ရှိနေစဉ်အတွင်း ရာဟုလာသံကိစ္စည်းအား သူသွားလိုသည့်နေရာများသို့ ဂိုအင်ကာဂျီ၏ကားဖြင့် မိမိက လိုက်ပို့ပေးရသည်။

ရာမကရိရှဏာမစ်ရှင် ခန်းမ၌ ရာဟုလာသံကိစ္စည်း၏ ဟောပြောပွဲ ကျင်းပ ပြုလုပ်သည်။ ရာဟုလာသံကိစ္စည်း ဟိန္ဒီလိုပြောသည်ကို မိမိက မြန်မာဘာသာပြန်ပြီး ပြောပေးရသည်။ ယင်းအခမ်းအနားကို စီစဉ်သူမှာ ဂိုအင်ကာဂျီဖြစ်သည်။ ရာဟုလာ သံကိစ္စည်း ပြောသောစကားများကို ဂိုအင်ကာဂျီ အသံသွင်းယူထားသည်။ ထိုအချိန်က ယခုခေတ်လို လွယ်လွယ်ကူကူ အသံဖမ်းယူခြင်းမျိုး မရှိသေးပေ။ ဓာတ်ပြားသွင်း၍ အသံဖမ်းယူ ထားရသည်။ နောက်ပိုင်း နှစ်အတန်ကြာသောအခါ ဂိုအင်ကာဂျီအသံ

mgyoe.com

m·gyoe.com



ဖမ်းထားသော ရာဟုလာ သံကိစ္စည်း၏ အသံဓာတ်ပြားသည် အလွန်ဂာရာ အရေးပါ အရာရောက်သော ပစ္စည်းတစ်ခု ဖြစ်လာသည်။

ရာဟုလာသံကိစ္စည်း ကွယ်လွန်သွားပြီးနောက်တွင် သူ၏ဇနီးက ဒါဂျီလင်တွင် ရာဟုလာသံကိစ္စည်းပြတိုက် ဖွင့်လှစ်ထားသည်။ ယင်းပြတိုက်၌ ရာဟုလာ သံကိစ္စည်း အသံကို ပြထားလိုသည်ဖြစ်၍ ရာဟုလာ အသံသွင်းထားသည်ကို လိုက်လံ စုံစမ်းကြည့်သောအခါ မည်သည့်နေရာမှာမှ ရှာမရသောကြောင့် ဂိုအင်ကာဂျီ အသံသွင်းထားသော ဓာတ်ပြားကို တင်ပို့ရသည်။

စာပေပလက်ဖောင်းပေါ်၌ တည်ဆောက်ခဲ့သော မိမိနှင့် ဂိုအင်ကာဂျီ၏ ဆက်သွယ်မှု အရှိန်အဟုန်သည် ဂိုအင်ကာဂျီ အိန္ဒိယပြန်သွားပြီးနောက် အချိန်အတန် ကြာသည်အထိ ရပ်မသွားပေ။ ဂိုအင်ကာဂျီ အိန္ဒိယပြန်သွားစက ဂိုအင်ကာဂျီနှင့် မိမိသည် စာပေးစာယူ အဆက်အသွယ်ရှိခဲ့သည်။ မိမိက ဂိုအင်ကာဂျီကို မိမိနှင့်သင့်တော်သော စာအုပ်များ ဝယ်ပြီး ပို့ပေးပါဟု စာရေးလိုက်သောအခါ ဂိုအင်ကာဂျီက သူ့လက်မှတ်နှင့် စာအုပ်တစ်အုပ် မိမိထံ ပို့လိုက်သည်။ ယင်းစာအုပ်မှာ ဓမ္မနှင့်ပတ်သက်သော စာအုပ်မဟုတ်ဘဲ 'The Marxist Aproach to Buddhism' စာအုပ် ဖြစ်သည်။

ထိုအချိန်က ဂိုအင်ကာဂျီမှတစ်ဆင့် မိမိ၏စာအုပ်များနှင့်ပတ်သက်သော ကော်ပီရိုက်အကြောင်း စကားပြောရသည်။ ဂိုအင်ကာဂျီသည် မိမိမြန်မာပြန်သော 'စိတ်ြလေခါ' ဝတ္ထု စာရေးဆရာနှင့် တွေ့သည့်အခါ ဝတ္ထုရေးဆရာအား "မြန်မာနိုင်ငံ၌ စာရေးဆရာ ပါရဂူက 'စိတြလေခါ' ဝတ္ထုကို မြန်မာပြန်ထားသည်" ဟု ပြောပြလိုက်သည်။ 'စိတြလေခါ' ဝတ္ထုရေးဆရာ ဘဂဝတီကျရန်ဗရမာက သူ့စာအုပ်အတွက် 'ကော်ပီရိုက်' စကားပြောသည်ဟု ဂိုအင်ကာဂျီထံမှတစ်ဆင့် သိရသည်။ ယခု စာပေနှင့် စာနယ်ဇင်းအသင်းက ကြီးမှူးအကောင်အထည်ဖော်နေသော ကော်ပီရိုက်ပြဿနာနှင့် ပတ်သက်ပြီး မိမိအနေနှင့် ထိုအချိန်ကပင် ရင်ဆိုင်ခဲ့ရသည်။ အိန္ဒိယဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ဗိသုကာဖြစ်သော အိန္ဒိယလွတ်လပ်ရေးရပြီး နောက်ဖွဲ့သည့် အစိုးရအဖွဲ့၌ တရားဥပဒေဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သော ဇာတ်နိမ့်ခေါင်းဆောင်ကြီး အမ္ဗေဒကာ၏ "The Buddha and His Dhamma" အမည်ရှိ စာအုပ်ရှိသည်။ ယင်းစာအုပ်သည် အမ္ဗေဒကာ ကွယ်လွန်သွားပြီးသည့် နောက်မှ ထွက်လာသည်။ ယင်းစာအုပ်သည် ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ထူးခြားမှုမရှိသော စာအုပ်တစ်အုပ်ဖြစ်၍ မြန်မာဘာသာ ပြန်လိုသည့် ရည်ရွယ်ချက်ရှိသောကြောင့် စာအုပ်ထုတ်ဝေသော "BUDDHA BHOOMI PULICATION (Nagpur)" သို့ အကြောင်းကြားသောအခါ အဖွဲ့က

m·gyoe.com

mgyoe.com



ကော်ပီရိုက်အနေ နှင့် သူတို့ကို ငွေကြေးပေးရမည်ဟူ၍ အကြောင်းပြန်သည်။ မိမိက "ခင်ဗျားတို့ စာအုပ် မြန်မာပြန်ပြီး ထုတ်ဝေရတဲ့အလုပ်ဟာ စွန့်စားပြီး လုပ်ရတဲ့ အလုပ် ဖြစ်တယ်။ အကျိုးရှိ မရှိ ဆိုတာပြောပြလို့ မရဘူး။ ကော်ပီရိုက်အနေနှင့် ခင်ဗျားတို့ကို ပေးရမယ် ဆိုရင် မြန်မာဘာသာနှင့် မပြန်ရုံဘဲ ရှိတယ်" ဟု ပြန်စာပေးလိုက်သည်။ ဂိုအင်ကာဂျီလည်း ကော်ပီရိုက်ကိစ္စနှင့်ပတ်သက်ပြီး သူ့အယူအဆကို ကြေငြာထားဖူးသည်။ သူ့စာအုပ်များကို မည်သူမဆို ဘာသာပြန်ဆိုခွင့်ရှိသည်။ သို့သော်လည်း သူ့စာအုပ်ဘာသာပြန်သူသည် သူ၏ဝိပဿနာနည်းလမ်းအရ တရားထိုင်ဖူးသူ ဖြစ်ရမည်။ ဘာသာပြန်ရသောအခါ တိမ်းစောင်းမသွားစေရန် ယင်းသတ်မှတ်ချက်ထားရခြင်း ဖြစ်သည်" ဟူ၍ ကြေငြာထားသည်။

ဂိုအင်ကာဂျီ အိန္ဒိယပြန်သွားပြီးနောက်၌လည်း အချိန်အတန်ကြာသည်အထိ မိမိနှင့်ဂိုအင်ကာဂျီ၏ဆက်သွယ်မှုသည် ဓမ္မအခြေခံမဟုတ်သေးဘဲ စာအုပ်စာတမ်းနှင့်သာ ပတ်သက်နေသည်။ တစ်နေ့ ဂိုအင်ကာဂျီ ရေးသော 'ဓမ္မ–ဂျီဝန် ဂျီနေကီကလာ' (ဓမ္မ–ဘဝနေနည်းပညာ) အမည်ရှိ ဟိန္ဒီဘာသာစာအုပ်တစ်အုပ် မိမိထံ ရောက်လာသည်။ ဂိုအင်ကာဂျီ ပေးပို့လိုက်သည့်အတွက် ရရှိခြင်းမဟုတ်ဘဲ ရန်ကုန်ရှိ သူ့ဆွေမျိုးတစ်ဦးထံမှ ရရှိခြင်းဖြစ်သည်။ စာအုပ်ကို ဖတ်ကြည့်သောအခါ မိမိဖတ်ရသမျှ ဓမ္မနှင့်ပတ်သက်ပြီး နိုင်ငံခြားဘာသာတစ်ခုနှင့် ရေးထားသော စာအုပ်များထဲတွင် အကောင်းဆုံးဟု ထင်မှတ်သွားသည်ဖြစ်၍ ဂိုအင်ကာဂျီ မခိုင်းဘဲနှင့် ကိုယ့်သဘောနှင့်ကိုယ် မြန်မာပြန်ပြီး ထုတ်ဝေလိုက်သည်။ ဂိုအင်ကာဂျီ ဖိတ်၍ အီဂတ်ပူရီ ပထမအကြိမ်သွားသောအခါ 'ဓမ္မ–ဘဝနေနည်းပညာ' စာအုပ်ယူသွားပြီး ဂိုအင်ကာဂျီကို ပြသည်။ ဂိုအင်ကာဂျီ အကြီးအကျယ်ဝမ်းသာအားရဖြစ်သွားပြီး နိုင်ငံခြားသား ယောဂီများကိုပင် အကျိုးအကြောင်း ပြောပြနေသည်။ ဂိုအင်ကာဂျီ၏တရားပတ်တွင် မည်သည့်စာအုပ်ကိုမှ မဖတ်ရဟု တားမြစ်ပိတ်ပင်ထားသည်။ သို့သော်လည်း မြန်မာယောဂီများတရားထိုင်ချိန်၌ 'ဓမ္မ–ဘဝနေနည်းပညာ' စာအုပ်မှ အချို့အခန်းများကို ကော်ပီကူးပြီး မြန်မာယောဂီများအား တရားပတ်အတွင်း အဖတ်ခိုင်းသည်။ 'ဓမ္မ–ဘဝနေနည်းပညာ' စာအုပ်ကို ဖတ်ပြီး တရားထိုင်လိုသည့် အာသီသဖြစ်လာ၍ တရားလာထိုင်သူများလည်း အများအပြားရှိသည်။ 'ဓမ္မ–ဘဝနေနည်းပညာ' စာအုပ်သည် ယောဂီများ၏လက်စွဲစာအုပ်ဖြစ်နေ၍ အကြိမ်ကြိမ်ပြန်ရိုက်ရသည်။ တချို့က William Hart ၏ "The Art of Living" မြန်မာပြန်ဟု အထင်မှတ်မှားနေကြသည်။ 'The Art to Living' က 'ဓမ္မ–ဘဝနေနည်းပညာ' စာအုပ်ထွက်ပြီး ၈ နှစ်၊ ၉ နှစ်လောက် ကြာမှ ထွက်လာခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

၁၉၈၀ ခုနှစ်တွင် ဂိုအင်ကာဂျီ ဖိတ်၍ ဦးကိုလေး၊ ဦးဘဖိုးတို့နှင့်အတူ ပထမ ဦးဆုံးအကြိမ် ဘုံဘေသွားသည်။ ထိုနှစ်ထဲတွင် ဂျေပူ ဓမ္မထလီတရားရိပ်သာ၌ ဆယ် ရက်တရားစခန်း ဝင်သည်။ ထိုအချိန်မှ စ၍ ဂိုအင်ကာဂျီသည် မိမိ၏ဓမ္မဂုရု ဖြစ်လာ သည်။ ထို့နောက် ၁၉၈၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၀ ခုနှစ်တွင် တစ်ကြိမ် ဝိပဿနာ ဆိမိနာနှင့် ဆယ်ရက်တရားစခန်း တက်ရောက်ရန် ဖိတ်၍ သွားရသည်။ ထိုအကြိမ်များ ၌မူ မိမိခေါင်းဆောင်၍ မြန်မာယောဂီအချို့ကို ခေါ်သွားသည်။ မိမိ ခေါ်သွားသော ယောဂီများထဲတွင် ဦးအောင်သိန်း (မင်္ဂလာဗျူဟာ)၊ ဦးကြည်ညွန့်၊ ဦးကျော်ခင်မြင့်၊ မင်းယုဝေ၊ ခင်ဆွေဦး စသည်တို့ ပါဝင်သည်။ ယင်း ခရီးစဉ်များအကြောင်း မိမိ၏ 'အိန္ဒိယခရီးသည်'၌ အတော်များများ ပါသည်။ ၁၉၉၀ ခုနှစ်၊ အီဂတ်ပူရီက အပြန်တွင် 'အပြည်ပြည်ဆိုင်ရာ ဓမ္မဂိရိဝိပဿနာအဖွဲ့' ဖွဲ့သည်။ ယင်းအဖွဲ့က 'ဓမ္မဇောတိ တရား ရိပ်သာ' ကို မွေးဖွားလိုက်သည်။ ဂုရုကြီး၏ကမ္ဘာ့ဝိပဿနာရိပ်သာများထဲက ရိပ်သာ တစ်ခု ဖြစ်သော ဓမ္မဇောတိတရားရိပ်သာ ဖွင့်လှစ်လိုက်သောအခါ ဂုရုကြီးသည် နှစ်စဉ် လိုလို မြန်မာနိုင်ငံ ကြွရောက်လာသည်။ မြန်မာနိုင်ငံ ကြွလာသောအခါ အိန္ဒိယမသွားဘဲ နှင့် ဂုရုကြီးနှင့် ကြုံရဆုံရသည်။ ဂုရုကြီး ရေးသော ဟိန္ဒီဘာသာ၊ အင်္ဂလိပ်ဘာသာ စာအုပ်စာတမ်းများကို မိမိ မြန်မာပြန်ပေးရသည်။ သူရေးသော စာများကို မိမိကိုသာ မြန်မာအပြန်ခိုင်းရမည်ဟု ညွှန်ကြားချက် ထုတ်ထားသည်။ ဂုရုကြီး ဂိုအင်ကာနှင့် ပတ်သက်ပြီး မိမိရေးသော စာအုပ်များမှာ –

၁။ ဓမ္မ–ဘဝတစ်လျှောက် နေသွားနည်းပညာ

၂။ တရားရေစီးကြောင်း

၃။ ဗာဗာဒိုဟာကဗျာ

၄။ ဒိုဟာကဗျာ

၅။ ကတညုတ ကတဝေဒီ ဒိုဟာ

၆။ ဂိုအင်ကာနှင့် သူ၏ခေတ်ပြိုင်များ

၇။ အာကျာရယဂိုအင်ကာ၏ခေမာနှင့် အခြားဓမ္မဝတ္ထုများ ဖြစ်ကြသည်။

၂၀၀၈ ခု၊ မေလ ၁၉ ရက်နေ့ထုတ် ဝိပဿနာ ဂျာနယ်တွင် ဂုရုကြီး ဂိုအင်ကာ က 'သူ မေ့၍ မရသော ကျေးဇူးရှင်များ' ခေါင်းစဉ်နှင့် သူ့ကျေးဇူးရှင်များ စာရင်းကို ဖော်ပြရာ၌ "ကျွန်ုပ်၏ ကျေးဇူးအတင်ခံရဆုံးမှာ ကျွန်ုပ်၏ဓမ္မချစ်သူ မိခင် ဖခင်နှင့် မိသားစု ဖြစ်၏။ ကျွန်ုပ်၏ကျောင်းသားဘဝ အဦးဆုံးကျောင်းဆရာ ကလျာဏဒတ္တ ဒူဗေနှင့် မဒန်မိုဟန်တို့သည်လည်း ကျွန်ုပ်၏ကျေးဇူးရှင်များ ဖြစ်ကြ၏။ ကျွန်ုပ်အား ဝိပဿနာနယ်ပယ်၌ ဘဝသစ်မွေးဖွားပေးသော ဂုရုဒေဝဆရာကြီး ဦးဘခင်၊ မိခင် ဒေါ်မြ

mgyoe.com

mgyoe.com



သွင်တို့သည်လည်းကောင်း၊ ဓမ္မနယ်ပယ်၌ အဖော်အပေါင်းဖြစ်ကြသော ဓမ္မမိတ်ဆွေ ဦးကိုလေး၊ ဦးဘဖိုး၊ ဦးတင်ရီတို့သည်လည်းကောင်း ကူဖော်လောင်ဖက် စာပေပညာရှင် ဦးပါရဂူသည်လည်းကောင်း၊ ကျေးဇူးဥပကာရ တင်ထိုက်သူများ ဖြစ်ကြ၏ ....” ဟု ဖော်ပြထားသည်။

သူ၏ကျေးဇူးရှင်စာရင်းထဲတွင် မိမိကိုပါ ဂုရုကြီး ဂိုအင်ကာ ထည့်သွင်းထားခြင်းသည် ‘ဂိုအင်ကာ၏အတ္တကထာ’ စာအုပ်ဖြစ်ပေါ်လာခြင်း၏ အဓိကအခြေခံ အကြောင်းတရား ဖြစ်ကောင်းဖြစ်လိမ့်မည်။

ပါရဂူ

၈-၁၀-၂၀၀၈

❑

mgyoe.com

mgyoe.com

# ဓမ္မတိုင်းပြည်မှာ ၁၂၅ နှစ်ကြာ

အတိတ်ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။ နှလုံးသားပိတ်ကားပေါ်တွင် စိတ်ပါဝင်စားဖွယ် စိတ်ကူး ရှုခင်းရှုကွက်တစ်ခု ကြွတက်လာသည်။

၁၂၅ နှစ် အလွန်က ဖြစ်ပျက်ခဲ့သော သမိုင်းဖြစ်ရပ်တစ်ခု။

၁၈ နှစ်အရွယ် တက်ကြွလှုပ်ရှားလျက်ရှိသော လုလင်တစ်ယောက်သည် ဗိကာနေရ်ပြည်နယ် ကျူရုမြို့မှ သူ မရောက်ဘူးသေးသော ခရီးအလှမ်းဝေးလှသည့် နေရာသို့သွားရန် ခရီးထွက်လာခဲ့သည်။ အမှန်တကယ်ပင် ခက်ခက်ခဲခဲ သွားရမည့် ခရီးဖြစ်သည်။ သို့ရာတွင် လုလင်၏ ထက်သန်အားကောင်းသော လုံ့လဝီရိယသည် လုလင်အား တစ်လှမ်းပြီး တစ်လှမ်း ရှေ့သို့ တွန်းပို့နေသည်။

ထိုအချိန်က ကျူရုအထိ မီးရထား မပေါက်သေးပေ။ သဲကန္တာရရှိ သဲမြေထူထပ်သော လမ်းများပေါ်တွင် တချို့နေရာ၌ ခြေကျင်သွားပြီး တချို့နေရာတွင် ကုလားအုတ်စီးပြီး ဗိကာနေရ်ပြည်နယ်မှ ခရီးအလှမ်းဝေးသော ဗြိတိသျှပိုင် ပြည်နယ်၏ မီးရထားဘူတာရုံတစ်ခုအထိ ရောက်အောင် သွားရသည်။

ခရီးအလှမ်းဝေးလှသော ယင်းမီးရထားဘူတာမှ မီးရထား စီးပြီးလျှင် ကာလကတ္တားသို့ လာခဲ့သည်။ ယင်းခရီးသည် လုလင်၏ ပထမဦးဆုံးခရီးဖြစ်သည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် အိမ်က ထွက်ခွာလာခဲ့ပြီး အသက်မွေးဝမ်းကျောင်းမှုအတွက် တစ်ရပ်တစ်ကျေးသို့ သွားခြင်း ဖြစ်သည်။ ကာလကတ္တားမြို့ ရောက်လာသည်။ ကာလကတ္တား၌ ကျူရုနှင့် ကျူရုအနီးရှိ ရှေခါဝါတီမှ လူအတော်များများ အလုပ်လုပ်နေ

mgyoe.com

mgyoe.com


ကြသည်ကို တွေ့ရသည်။ အကယ်၍ ဆန္ဒရှိလျှင် ကာလကတ္တားသို့လည်း နေ၍ရသည်။ သို့ရာတွင် စွမ်းအားတစ်ခုက လုလင်ကို ရှေ့ခရီးဆက်သွားဖို့ အားပေးလှုံ့ဆော်နေသည်ဟု ထင်နေရသည်။ ရှေ့ဆက်ပြီး ပင်လယ်ခရီးရှည် ခရီးခဲ ထွက်လာခဲ့သည်။ လုလင်သည် ယခင်က မီးရထားနှင့်လည်း ခရီးမသွားခဲ့ဘူးပေ။ ပင်လယ်ခရီးကိုလည်း မသွားခဲ့ဘူးပေ။ သို့သော်လည်း လုံ့လဝီရိယ နှစ်ဆတိုးမြှင့်လျက် ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ပင်လယ်ကူးသင်္ဘောငယ် တစ်စင်းနှင့် ထိုအချိန်က အလွန်တရာ ခက်ခဲပြီး ရှည်လျားလှသောခရီးကို စွန့်ခွာ ထွက်လာပြီးနောက် ရန်ကုန်မြို့ ရောက်ရှိလာသည်။

မြန်မာနိုင်ငံရောက်ရှိလာသောအခါ ဗာဗာမည်ကဲ့သို့သော လုပ်ငန်းကို စတင်လုပ်ကိုင်သည်ကို ကျွန်ုပ် မသိပေ။ သို့ရာတွင် ငယ်ငယ်တုန်းက ဗာဗာ ထုတ်ဖော်ပြောပြသည်ကို ထောက်ထားလျက် အထည်အလိပ် အရောင်းအဝယ် စတင်လုပ်ကိုင်သည် ဆိုသည့်အကြောင်း မှန်းဆသိရသည်။ ရန်ကုန်မြို့မှ အဝတ်အထည်များကို ဝယ်ယူပြီးလျှင် ထိုအချိန်က မြန်မာနိုင်ငံ နေပြည်တော် မန္တလေးမြို့သွားပြီး ရောင်းချခြင်း ဖြစ်ပေလိမ့်မည်။ ထို့နောက် ရန်ကုန်နှင့် မန္တလေး အသွားအလာလုပ်ပြီး ရောင်းဝယ်ဖောက်ကားသည့် ယင်းအလုပ်ကို မလုပ်တော့ဘဲ အရောင်းအဝယ် ပြုလုပ်ဖို့အတွက် တခြားနေရာကို ရွေးချယ်လိုက်ပုံရသည်။ ထိုအချိန်က ဗာဗာသည် အထည်အထုပ်ကို မြင်းပေါ်တင်လျက် မန္တလေးမြို့မှ ရှမ်းပြည်နယ်သို့ သွားရောက်ရောင်းချသည်။ ထိုအချိန်က ရှမ်းပြည်နယ်ရှိ ဈေးနေရာကလေးများ၌ တစ်ပတ်တစ်ကြိမ် ဈေးနေ့ သတ်မှတ်ပြီး ဈေးရောင်းဈေးဝယ်လုပ်သည့် အလေ့အထ ရှိသည်။ ဈေးနေရာ တစ်ခုစီတစ်ခုစီ၌ ရက်ခြားခြားပြီး ဈေးအရောင်းအဝယ်လုပ်ကြသည်။ ထို့ကြောင့် ဗာဗာသည် မြင်းများပေါ်တွင် ကုန်ပစ္စည်းများ တင်ပြီး သူကိုယ်တိုင်ကမူ မြင်းစီးသည့်အခါ စီး၊ မြင်းများနှင့်အတူ မညီမညာ မပြေမပြစ် ကျောက်စရစ်ခဲများ တင်းကြမ်းဖြစ်နေသော လမ်းများပေါ်တွင် ခြေကျင်လျှောက်သည့်အခါ လျှောက်လျက် ဈေး တစ်ဈေးမှ အခြားဈေးတစ်ဈေးသို့ ရွှေ့ပြောင်းပြီးလျှင် ကုန်ပစ္စည်းများကို ရောင်းချနေပေလိမ့်မည်။ ယင်းကဲ့သို့ အရောင်းအဝယ်လုပ်ရာ၌ ဗာဗာ မည်ရွေ့မည်မျှ ဆင်းရဲဒုက္ခခံခဲ့ရမည်ဆိုသည်ကို တွေးကြည့်၍ပင် ရလိမ့်မည်မဟုတ်ပေ။ အထူးအားဖြင့် စားရေးသောက်ရေး ကိစ္စများ၌ မည်မျှ အခက်အခဲတွေ့ရှာမည်နည်း။

မိရိုးဖလာ သက်သတ်လွတ်စားသူဖြစ်ခြင်းကြောင့် တစ်လ ကိုးသီတင်းခံသည့် ရိက္ခာကို ယူဆောင်ပြီး ခရီးသွားရခြင်း ဖြစ်ပေလိမ့်မည်။ သိုးနေသော ရိုတီများနှင့် ဟင်းသီးဟင်းရွက်အခြောက်ကြော်များ၊ သနပ်များကိုသာ နေ့စဉ် အဆာပြေစားပြီး နေရရှာပေလိမ့်မည်။ ရေသောက်ဖို့အတွက်လည်း အခက်အခဲမရှိဘဲ နေမည်မဟုတ်ပေ။

mgyoe.com

သောက်ရေအတွက် ရာဂျစထာနီ ပေါင်းထုပ်ရှည်ကြီးကို ဖြေပြီးလျှင် ရေပုံးကြီးသဏ္ဌာန် ပြုလုပ်လျက် မိမိနှင့်ပါလာသည့် 'လိုတာ' ကြေးခွက်ကို ချည်၍ ရေတွင်းထဲက ရေကို ခပ်ယူပြီး သောက်ရပေလိမ့်မည်။

နှစ်ပေါင်းများစွာ ယင်းကဲ့သို့ အပင်ပန်းအဆင်းရဲခံပြီး အရောင်းအဝယ် အလုပ်လုပ်ပြီးနောက် သားသုံးယောက် အလုပ်လုပ်နိုင်ကိုင်နိုင်သည့်အရွယ် ရောက်လာသောအခါ မန္တလေးမြို့တွင် ဆိုင်ခပ်သေးသေးဖွင့်ပြီးလျှင် ပုံမှန်အရောင်းအဝယ်အလုပ် လုပ်ကိုင်ခဲ့သည်။ တဖြည်းဖြည်း ဆိုင်ကို ချဲ့ထွင်နိုင်သည့်အခြေအနေ ရောက်ရှိလာသည်။ ဆိုင်ငယ်ကလေးက ဆိုင်ကြီးဖြစ်လာသည်။ ဆိုင်ကြီးက ထို့ထက်ကြီးသော ဆိုင်ကြီးဖြစ်လာသည်။ နောက်ပိုင်း အရောင်းအဝယ်အလုပ်ကို သားသုံးယောက်အား လွှဲအပ်နိုင်သည့်အခြေအနေ ရောက်ရှိလာသောအခါ ဗဗာသည် အလုပ်ခွင်က အနားရသွားသည်။

ဗဗာ၏ ယင်းခက်ခဲသော ခရီးသည် အတွေ့အကြုံကို ကြားရသောကြောင့် ကျွန်ုပ် သူငယ်ဘဝ စိတ်နှလုံးထဲတွင်လည်း ခရီးသည်ဘဝ စိတ်ပါဝင်စားမှု နိုးထလာသည်။ အခါအခွင့် ပေါ်လာသည်နှင့် ခြေသလုံးအိမ်တိုင် ခရီးသည်ဘဝမျိုးဖြင့် နေသွားလိုသည့်စိတ် ပေါ်လာသည်။ ထို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ၁၂ နှစ်သား အရွယ်တွင် ကျွန်ုပ်သည် ပထမဦးစွာ တစ်ကိုယ်တော် ခရီးရှည် ထွက်ခဲ့သည်။ မန္တလေးမှ ထွက်လာပြီး သာစည်ကိုဖြတ်လျက် ရှမ်းပြည်နယ် ကလောမြို့ကို သွားသည်။ ကျွန်ုပ်၏ အစ်မသည် ကလောမြို့ရှိ သူ့ခဲအို၏အိမ်တွင် နေ့ရက် အတန်ကြာ သွားနေသည်။ ကျွန်ုပ်အစ်မကိုခေါ်ပြီး မန္တလေးမြို့သို့ ပြန်လာမည်။ ယင်းခရီးကို စွန့်စားပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အတွေ့အကြုံမရှိသေးသောကြောင့် ကျွန်ုပ်အစ်မ၏ခဲအို အိမ်လိပ်စာကို ယူမလာခဲ့ပေ။ ကလောမြို့တွင် သူတို့အိမ်ကို ဘယ်မှာ သွားရှာမည်နည်း။ အိပ်ရာလိပ်ကလေးကို ထမ်းပြီး ဈေးတစ်ဝိုက်၌ ပတ်ချာလည် ရှာနေသည်။ ကျွန်ုပ် အစ်မ၏ ခဲအိုနာမည်လောက်တော့ သိသည်။ သို့ရာတွင် ထိုနေရာတစ်ဝိုက်၌ ကျွန်ုပ် မည်သည့်အိန္ဒိယလူမျိုးကိုမှ မတွေ့ရပေ။ မည်သူ့ကို မေးရမည်နည်း။ ကံကောင်း ထောက်မသည့်အားလျော်စွာ ဈေးထဲတွင် ကျွန်ုပ်အစ်မ၏ခဲအို ဟင်းသီးဟင်းရွက် ဝယ် နေသည်ကို တွေ့ရသည်ဖြစ်၍ ခပ်လှမ်းလှမ်းမှပင် သူ့ကို မှတ်မိသွားသည်။ အဘယ့် ကြောင့်ဆိုသော် သူ၏ မုတ်ဆိတ်မွေးကြီးများက သူ့ကို တခြားလူများနှင့်မတူဘဲ ထူးထူးခြားခြားမှတ်မိအောင် အကူအညီပေးနေသည့်အတွက်ကြောင့်ဖြစ်သည်။

ယင်းခရီးသည် ကျွန်ုပ်၏ ပထမဆုံးအကြိမ် ထွက်လာသော တစ်ကိုယ်တော်

mgyee.com

mgyoe.com


ခရီးဖြစ်သည်။ ထို့နောက်တွင်ကား ခရီးမည်မျှသွားခဲ့သည် ဆိုသည်ကို မသိတော့ပေ။ အခက်ခဲဆုံးသွားရသောခရီးမှာ ၁၈ နှစ် အရွယ်က မန္တလေးမှ မုံရွာ၊ ကလေး၀၊ တမူးကိုဖြတ်လျက် မြန်မာနှင့် အိန္ဒိယနိုင်ငံ နယ်စပ် ဖြတ်ကျော်သွား၍မလွယ်သည့် တောင်တန်းခရီးများကို ခြေကျင်ခရီးသွားခဲ့သော ထိတ်လန့်စိုးရွံ့ဖွယ် ခရီးဖြစ်သည်။

ကျွန်ုပ်နှင့် အစ်ကို ဗာဗူလာလ်သည် ကျွန်ုပ်တို့မိသားစုကြီး၏ ခေါင်းဆောင်အဖြစ်ဖြင့် ယင်းခရီးကို ဦးဆောင်သွားကြသည်။ ဖခင်ကြီး စသော သက်ကြီးရွယ်အိုများကမူ မန္တလေးမြို့တွင် ကျန်ရစ်ခဲ့ကြသည်။ နေ့ရက် အတန်ကြာပြီးနောက်မှ သူတို့ အိန္ဒိယ လိုက်လာကြသည်။ မြန်မာနိုင်ငံ၌ ရှိသမျှပစ္စည်း ထားခဲ့ပြီး အိန္ဒိယ ရောက်လာသောအခါ လုပ်ငန်းကိုင်ငန်း ရှာဖွေရင်းနှင့် မြောက်ပိုင်းနှင့် တောင်ပိုင်းသို့လည်းကောင်း၊ အရှေ့မှ အနောက်ပိုင်း အိန္ဒိယနိုင်ငံ၏ ဒေသအသီးသီးကိုလည်းကောင်း ခရီးလှည့်လည်သွားလာခဲ့ပြီး နောက်ဆုံးတွင် မိမိတို့၏သိဟောင်းကျွမ်းဟောင်းဖြစ်သည့် ရှိုကရန်ကို ရှာရင်း တောင်ပိုင်း မာလာဗာရသို့ ရောက်ရှိလာပြီးနောက် မာလာဗာရ၌ ရှိုကရန်၏အကူအညီဖြင့် အရောင်းအ၀ယ် စတင်လုပ်ကိုင်ရာ အောင်မြင်မှု ရရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်ပွဲ ပြီးသွားပြီးနောက် အိန္ဒိယမှ မြန်မာနိုင်ငံ ပြန်လာသောအခါ၌လည်း ရောင်း၀ယ်ဖောက်ကားသည့်အလုပ် အောင်မြင်မှု ရရှိသည်။

ထို့ကြောင့် ကုန်သည်တစ်ယောက်အနေဖြင့် မြန်မာနိုင်ငံ၌သာမကဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသို့ မကြာခဏ ခရီးသွားခဲ့ရသည်။ ထို့နောက် လုပ်ငန်းကိုင်ငန်းက အနားယူပြီး တရားဓမ္မဘက် ရောက်ရှိလာသောအခါ အိန္ဒိယနိုင်ငံမျှသာမကဘဲ ကမ္ဘာနိုင်ငံ အသီးသီးသို့ ဓမ္မခရီး လှည့်လည်နေရပြီး ယင်းဓမ္မခရီးသည် သက်ဆုံးတိုင် လှည့်လည်သွားလာနေရမည့် ခရီးဖြစ်လိမ့်မည်ဟု ယုံကြည်စိတ်ချသွားသည်။

ယင်းခရီးသည်ဘ၀ကို ဗာဗာထံမှ အမွေအနှစ်အဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။

ရှစ်နှစ်ခန့်အထိ ကျွန်ုပ်သည် ဗာဗာနှင့် အနီးကပ် နေခဲ့ရသည်။ အားလပ်သည့် နေ့ရက်တိုင်း ဗာဗာသည် မဟာမြတ်မုနိဘုရားသို့ သွားသည်။ ကျွန်ုပ်တို့နှစ်ယောက် (အစ်ကို ဗာဗူလာလ်နှင့် ကျွန်ုပ်) ကို ခေါ်သွားသည်။ အစပထမ၌မူ ဓာတ်ရထားစီးပြီး သွားကြသည်။ မန္တလေး ဈေးချိုမှ ရှမ်းစုအထိ ဓာတ်ရထားနှင့် ခရီးသွားရသည်မှာ အလွန်တရာ စိတ်ပါ၀င်စားဖွယ်၊ နှစ်ခြိုက်ဖွယ် ကောင်းသည်။ မဟာမြတ်မုနိ ဘုရားတန်ဆောင်းထဲတွင်လည်း ကျယ်၀န်းသော ခန်းမကြီး ရှိနေသည်။ ယင်းခန်းမကြီးထဲတွင် ပြေးလိုက်လွှားလိုက် ခုန်လိုက်ပေါက်လိုက်နှင့် ကစားရသည်မှာလည်း အလွန်ပျော်စရာကောင်းသည်။ သို့ရာတွင် ယင်းကျောင်းတော်သည် မဟာမြတ်မုနိဘုရားကိုးကွယ်တည်ထားသော ကျောင်းတော်ဖြစ်သည် ဟူ၍ ဗာဗာက ကျွန်ုပ်တို့ကို

mgyoe.com

mgyoe.com

ပြောပြသည်။ ဘုရားတန်ဆောင်းအတွင်း၌ အော်ဟစ်ဆူညံခြင်း မပြုလုပ်ရပေ။

ထို့နောက် တတိယ စိတ်ပါဝင်စားစရာတစ်ခု ပေါ်လာသည်။ စကားမပြော တုဏှိဘော နေပြီး ဘုရား ဂန္ဓကုဋီတိုက်တော်ကို သုံးကြိမ် သုံးခါ ပတ်ပြီး ဗာဗာ၏ အနီးတွင် လာထိုင်ကြသည်။ ဗာဗာသည် အဓိက ရုပ်ပွားတော်ဖြစ်သော မဟာမြတ်မုနိ ရုပ်ပွားတော်ရှေ့၌ တင်ပျဉ်ခွေ ထိုင်ပြီးလျှင် မျက်လုံးမှိတ်လျက် စကားမပြောဘဲ ထိုင်နေသည်။ ယင်းကဲ့သို့ မည်သည့်အချိန်အထိ ဗာဗာ ထိုင်နေသနည်းဆိုသည်ကိုမူ မမှတ်မိတော့ပေ။ သို့ရာတွင် နာရီဝက်လောက်အထိ ထိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။

ဗာဗာ မည်ကဲ့သို့ တရားအာရုံပြုနေသည်ကိုလည်း မသိပေ။ ပထမဦးစွာ ဗာဗာအနီးတွင် ၅ မိနစ်၊ ၆ မိနစ်လောက် ထိုင်နေသောအခါ ငြီးငွေ့လာသည်ဖြစ်၍ တိတ်တဆိတ်ထပြီး အပြင်ဘက် ထွက်သွားသည်။ သို့သော်လည်း တဖြည်းဖြည်း မျက်လုံးမှိတ်ပြီး ဗာဗာနှင့်အတူ ထိုင်နေရသည်ကို နှစ်ခြိုက်လာသည်။ လေးဖက် လေးရပ် ပတ်ဝန်းကျင်တွင် ငြိမ်သက်အေးချမ်းမှု ကြီးစိုးနေသည်။

ယင်းအခြေအနေကို နှစ်ခြိုက်သဘောကျလာသည်။ တစ်ချိန်လုံး ဗာဗာနှင့် အတူထိုင်နေသည်။ အနီးအနား ဝန်းကျင်တစ်ဝိုက်၌လည်း လူအတော်များများ ယင်းကဲ့သို့ပင် မျက်လုံးမှိတ်ပြီး ထိုင်နေကြသည်။ ယင်းတို့အထဲက တချို့မှာ ပုတီးစိပ်နေကြသည်။ ဗာဗာကမူ ပုတီးမစိပ်ပေ။ တချို့ကမူ အသံမထွက်အောင် တိုးတိုးကလေး ဓမ္မဂါထာ ရွတ်ဆိုနေကြသည်။

ဗာဗာကမူ ဓမ္မဂါထာတစ်ခုခုကိုလည်း ရွတ်ဆိုမနေပေ။ တိတ်ဆိတ် ငြိမ်သက်စွာသာ ထိုင်နေသည်။ ယင်းကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ထိုင်နေခြင်းကို ကျွန်ုပ်တို့လည်း နှစ်ခြိုက်ကြသည်။ မန္တလေးမြို့၌ ကျွန်ုပ်တို့၏အိမ်မှ ၁၀ မိနစ်လောက် လျှောက်သွားရသည့် အဝေးတွင် ဆတျနာရာယဏဘုရားကျောင်း ရှိသည်။ ဘုရားကျောင်း ခန်းမထဲတွင် ကရိရှဏနှင့် ရာဓာတို့၏ ရုပ်တုရှိသည်။ မလှမ်းမကမ်း အခန်းတစ်ခန်းထဲတွင် ရှိဝ ရုပ်တု ရှိသည်။ ယင်းဘုရားကျောင်းသို့ ဗာဗာသွားသည်ကိုလည်း တစ်ခါမှမတွေ့ရပေ။ သို့သော် ကျွန်ုပ်တို့သည် ဖခင်ကြီးနှင့်အတူ ထို ဘုရားကျောင်းသို့ အကြိမ်များစွာ သွားကြသည်။

ထူးထူးခြားခြား စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဝါခေါင်လတွင် သိဝဘုရား ကိုးကွယ်သူများ စုဝေးကြခြင်းဖြစ်သည်။ ဝါခေါင်လတွင် ကရိရှဏဘုရားကျောင်းတွင် ပုခက်များ၊ ဒန်းများ ဆင်ထားခြင်းသည် အလွန်စိတ်ပါဝင်စားဖွယ် ကောင်းသည်။ ယင်းပွဲသဘင်များ၌လည်း ဗာဗာ သွားရောက်နေသည်ကို တစ်ကြိမ်မှ မတွေ့ရပေ။

မဟာမြတ်မုနိဘုရားတန်ဆောင်း၏ သန့်ပြန့်မှုနှင့် နှိုင်းယှဉ်ကြည့်လျက် သိရသော

mgyoe.com

mgyoe.com

ယင်း ဘုရားကျောင်းများ၏ မသန့်ပြန့် မစင်ကြယ်မှုကိုလည်းကောင်း၊ မဟာမြတ်မုနိ ဘုရားတန်ဆောင်း၏ ငြိမ်သက်အေးချမ်းမှုနှင့် နှိုင်းယှဉ်ကြည့်လျက် သိရသော ယင်း ဘုရားကျောင်းများက ဆူဆူညံညံ အသံများကိုလည်းကောင်း ဗာဗာ မနှစ်သက်ပေ။

နောက်ပိုင်း ၃၁ နှစ် အရွယ်တွင် ပထမဆုံးအကြိမ် ဝိပဿနာရိပ်သာ၌ တရား ထိုင်သောအခါ ဝိပဿနာရိပ်သာ၏ တိတ်ဆိတ်ခြင်းနှင့် ငြိမ်သက်ခြင်း ဝန်းကျင်အခြေ အနေသည် ငယ်စဉ်တောင်ကျေး ကလေးအရွယ်က အခြေအနေကို ပြန်လည်သတိရ လာစေပြီးလျှင် ယင်းအခြေအနေသည် ကျွန်ုပ်အား သံလိုက်ခာတ်ကဲ့သို့ ဆွဲဆောင်ထား သည်။

ယခင့်ယခင်ဘဝများက ပါရမီလည်း ရှိခဲ့ပေလိမ့်မည်။ သို့ရာတွင် ယခု ပစ္စုပ္ပန် ဘဝ၌ သူငယ်ဘဝက မဟာမြတ်မုနိတန်ဆောင်းတွင် ဗာဗာနှင့်အတူ တင်ပျဉ်ခွေထိုင် နေစဉ်က စိတ်ထဲတွင်ပေါ်လာသော မျိုးစေ့ဗီဇ၏ ကောင်းမှုအရှိန်အဝါကြောင့် ပထမ ဦးဆုံး တရားပတ်၌ပင် ကျွန်ုပ်သည် ဝိပဿနာအရသာကို သိမြင်လာသည်။ ငယ်စဉ် တောင်ကျေးကလေးဘဝက ဗုဒ္ဓရှင်တော်ဘုရား၏ ငြိမ်းအေးသော ဆင်းတုတော်နှင့် ပတ်သက်ပြီး ထက်သန် အားကောင်းသော ဆွဲဆောင်မှုသည် နေ့စဉ်နှင့်အမျှ တိုးပွား များပြားလာသည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် စတင်ပြီး ထူးခြားဆန်းကြယ်သော ဆန့်ကျင်ဘက် သဘောရှိသည့် ဘဝမျိုးဖြင့် နေလာခဲ့ရသည်။ ဖခင်ကြီး၏ အထည် ဆိုင်တွင် ကျွန်ုပ်၏ယောက်ဖ ရှရီမဟာဒေဝ ဂိုနာထာနီသည် စာရေးကြီးအလုပ် လုပ်သည်။ ကျွန်ုပ်၏ယောက်ဖသည် ကျွန်ုပ်ထက် အသက်ကြီးသည်။ သူတို့၏သား သို့မဟုတ် ကျွန်ုပ်၏တူသည်လည်း ကျွန်ုပ်ထက် လအနည်းငယ် ကြီးသည်။ ထို့ ကြောင့် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကပင် ကျွန်ုပ်၏စိတ်နှလုံးထဲတွင် ကျွန်ုပ်၏ ယောက်ဖ ဩဇာလွှမ်းမိုးမှု ရှိနေသည်။ သူ၏ ထိန်းထိန်းချုပ်ချုပ် ငြိုးငြိုးခြံခြံ နေသော ဘဝကို ကျွန်ုပ် နှစ်ခြိုက်သည်။ အလွန်တရာ ရိုးသားသော ဘဝနေနည်းမျိုးဖြင့် နေထိုင် ခဲ့သူဖြစ်သည်။ ခြေသလုံးအထိ ထူထဲသော ဓိုတီကို ဝတ်ပြီး ယင်း၏အပေါ်ပိုင်းတွင် သာမန် ရိုးရိုးအင်္ကျီဖားဖား ဝတ်ထားသည်။ အိမ်အပြင်ဘက်ထွက်လျှင် ဦးခေါင်း ပေါ်တွင် ဖောင်းထုပ် ပေါင်းထားသည်။ ယင်းအဆင်အပြင်သည် နေ့စဉ်နေ့တိုင်း ဝတ် သော သူ၏အဝတ်အစား ဖြစ်သည်။ နေ့ထူးရက်ထူး အခါထူးများ၌ပင် သူ့ကို တခြား အဝတ်အစား ဝတ်သည်ကို မတွေ့ရပေ။ ၂၄ နာရီအတွင်း တစ်ကြိမ်သာ ရိုးရိုး အစား အစာ စားသည်။ နံနက် ၄ နာရီထလျက် ရောဝတီ–ဂင်္ဂါမြစ်ဆိပ်ကို ခြေကျင်သွားပြီး ရေချိုးသည်။ ပြန်လာသော အခါတွင် ရောဝတီ–ဂင်္ဂါမြစ်ရေကို ဆောင်ကြဉ်းလာပြီး

mgyoe.com

mgyee.com

လျှင် ရေငတ်သောအခါ ယင်းရေကိုပင် သောက်သည်။

ကျွန်ုပ်၏ယောက်ဖသည် ကျွန်ုပ်နှမနှင့်အတူ အိမ်တွင်မအိပ်ဘဲ ဆိုင်၌သာ အိပ်သည်။ သူတို့တွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်သာ ရှိသည်။ သား တစ်ယောက်နှင့် သမီးတစ်ယောက် မွေးဖွားပြီးသည့်နောက်တွင် ဗြဟ္မစရိယအကျင့်ကို အကျိုးမပျက်စေဘဲ ကျင့်သုံးလျက် တော၌နေသော ဘဝမျိုးဖြင့် နေထိုင်သွားသင့် သည်ဟူ၍ ကျွန်ုပ်၏ ယောက်ဖ အကြိမ်များစွာ ပြောသည်ကို ကြားဖူးသည်။

ကျွန်ုပ်၏ယောက်ဖသည် သိဝဘုရားကို အလေးအနက် ဆည်းကပ်ကိုး ကွယ်သူဖြစ်သည်။ နံနက်စောစောအချိန်၌ အောင်မြင်သောအသံဖြင့် ဘုရားရှိခိုး နေတတ်သည်။ သိဝဘုရား၏ ထုတိမင်္ဂလာဂါထာများကို ရွတ်ဖတ်နေတတ်သည်။ သူ၏အသံတွင် လျှပ်စစ် 'ကာရင့်' ရှိသည်။ မကြာခဏ ဝေဒနတ်ချင်းများကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်သည်။ သူ၏အသံထွက်သည် အလွန်တရာ နှစ်လိုဖွယ်ကောင်းသည်။ သူ၏အသံလှိုင်းများသည် စိတ်နှလုံးထဲတွင် နှစ်သိမ့်ချမ်းမြေ့ဖွယ် ဖန်တီးပေးသည်။

ကျွန်ုပ်ကိုယ်တိုင် သိဝဘုရား၏ ထုတိမင်္ဂလာဂါထာများကို သံနေသံထားနှင့် ဆိုသည့်အခါမျိုး၌ အမှားပါသွားလျှင် ကျွန်ုပ်၏ယောက်ဖက ကျွန်ုပ်၏အသံထွက်ကို ပြင်ပေးသည်။ အသံကို ပြင်ပေးသည်။ သူ၏ ဂုဏ်အရည်အချင်းများကြောင့် ကျွန်ုပ်၏ စိတ်နှလုံးတွင် သူနှင့်ပတ်သက်ပြီး ရိုသေလေးစားမှုအသိ လွှမ်းမိုးနေသည်။ ဗာဗာနှင့် အတူ ကျွန်ုပ် မဟာမြတ်မုနိဘုရား လိုက်သွားခြင်းကို မဟာဒေဝသည် လုံးဝနှစ်မြို့ခြင်း မရှိပေ။ ဗာဗာ၏စိတ်နှလုံးအပေါ်တွင် ဗုဒ္ဓကြည်ညိုမှု ဩဇာအရှိန်အဝါ လွှမ်းမိုးနေ ခြင်းသည် အန္တရာယ်ရှိသည် ဟူ၍ ဗာဗာနှင့်ပတ်သက်ပြီး မကြာခဏ ပြောတတ်သည်။

"မင်းတို့ကလေးတွေ အဲဒီဩဇာ အလွှမ်းမိုးမခံရအောင် လုပ်ရမယ်" ဟူ၍ လည်း ပြောပြသည်။ ဗုဒ္ဓသည် ကျွန်ုပ်တို့ ဗိရုဏာ၏ကိုယ်ပွား အဝတာရ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓအပေါ်တွင် ကြည်ညိုလေးစားမှု ပြုလုပ်ခြင်းသည် အပြစ်မဟုတ်ပေ။ သို့ရာတွင် မကြာခဏ ဘုရားတန်ဆောင်း၊ ဘုရားကျောင်း သွားခြင်းအားဖြင့် ဗုဒ္ဓ ဘာသာဝင်များ၏ စက်ကွင်းထဲ ရောက်သွားမှာ စိုးရိမ်ရသည်" ကျွန်ုပ်၏ယောက်ဖ သည် ယင်းကဲ့သို့ အယူအဆရှိသည်။ သူကိုယ်တိုင်ကမူ ဗုဒ္ဓရုပ်တု ကိုးကွယ်ထားသော မည်သည့်ဘုရားတန်ဆောင်း၊ မည်သည့်ဘုရားကျောင်းကိုမှ မသွားပေ။

"လမ်းက ကျဉ်းကျဉ်းကလေးဆိုပါတော့၊ ရှေ့ဘက်ကလည်း မုန်ယစ်နေတဲ့ ဆင် ပြေးလာတဲ့အတွက် နင်းချေသွားမယ့် အန္တရာယ်ရှိနေတယ်။ ဒါပေမဲ့ လက်ဝဲ ဘက်မှာ ဂျိန်းဘုရားကျောင်း ရှိပြီး၊ လက်ယာဘက်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ဘုရား ကျောင်းရှိနေတယ်။ ယင်းဘုရားကျောင်းများ၏တံခါးကို ဖွင့်ထားမည်ဆိုလျှင် ယင်း

mgyee.com

mgyoe.com


အခြေအနေမျိုး၌ မိမိအသက် မဆုံးရှုံးစေလိုသည့်အတွက်ကြောင့်ဖြစ်စေ၊ ယင်း ဘုရားကျောင်းနှစ်မျိုးထဲက ဘယ်ဘုရားကျောင်းကိုမှ ဝင်မသွားသင့်။ ဆင် နင်းချေသွားသည်ဖြစ်စေ၊ အဲဒီလို အမှားမျိုးကို မပြုလုပ်သင့်"ဟူ၍ ကျွန်ုပ်၏ယောက်ဖသည် ကျမ်းစာအကိုးအကားတစ်ခုခုကို အထောက်အထားပြုလျက် ပြောပြလေ့ ရှိသည်။

ဗိရုဏာဘုရားအနေနှင့် 'ဗုဒ္ဓအဝတာရ' ဗုဒ္ဓကိုယ်ပွားယူရခြင်း၏အကြောင်းမှာ အသူရာတို့ကို ဝေဒတရားနှင့်ကင်းအောင်လုပ်ပြီး အဝိဇ္ဇာတရား၊ မောဟတရား ဖုံးလွှမ်းနေအောင် လုပ်လိုသည့်အတွက်ကြောင့် ဖြစ်သည်။ ယင်းသို့ပြုလုပ်ခြင်းကြောင့် အသူရာတို့သည် နတ်ပြည် နတ်ရွာသို့ မသွားရဘဲ ငရဲသို့ သွားလိမ့်မည်ဟူ၍လည်း ကျွန်ုပ်၏ယောက်ဖသည် မကြာခဏ ပြောပြလေ့ရှိသည်။ ယင်း အကြောင်းအရာနှင့်ပတ်သက်၍လည်း ကျွန်ုပ်၏ယောက်ဖသည် ကျမ်းစာများမှ အထောက်အထားဂါထာများကို ထုတ်ပြီးပြောပြလေ့ရှိသည်။ ယင်း အထောက်အထားများသည် ဗိရုဏာပုရဏ်ကျမ်းထဲမှာပါသော အဆိုအမိန့်များ ဖြစ်လိမ့်မည်ဆိုသည့်အကြောင်းကို နောက်ပိုင်းတွင် ကျွန်ုပ် နားလည်လာသည်။

ဖာဖာနှင့် ကျွန်ုပ်၏ယောက်ဖနှစ်ယောက်လုံး ကျွန်ုပ်အတွက် လေးစားအပ်သူများ ဖြစ်ကြသည်။ ယောက်ဖ၏ပညာကြွယ်ဝမှုသည် ကျွန်ုပ်၏စိတ်နှလုံးပေါ်တွင် လေးလေးနက်နက် ထင်ဟပ်လျက်ရှိသည်။ သူ၏မကြာခဏ ရွတ်ဆိုပြောပြသော ကျမ်းစာအထောက်အထားများကို နာယူမှတ်သားရခြင်း၏ဩဇာသည် ထိုအချိန်က သူငယ်၏စိတ်နှလုံးတွင် အလေးအနက် ထင်ဟပ်နေသည်။ ကျမ်းစာ၏အဆိုအမိန့်သည် မည်သည့်အခါမှ မှားယွင်းမှုမရှိနိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် မိမိကိုယ်ကို ဗုဒ္ဓ၏ဒေသနာတော်မှလည်း ဝေးအောင် ရှောင်ရှားနေခဲ့သည်။ သို့ရာတွင် ဖာဖာ၏ဩဇာအရှိန်အဝါကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ မဟာကရုဏာတော်နှင့်ပတ်သက်ပြီး ကြည်ညိုသဒ္ဓါ ပွားများလာခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း အိန္ဒိယရောက်သွားသောအခါ အိန္ဒိယတွင် ဖတ်ရသော စာပေများကြောင့်လည်းကောင်း၊ ယင်းအကြောင်းအရာနှင့်ပတ်သက်ပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ဆွေးနွေးပြောကြားရသည့်အတွက်ကြောင့်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ဒေသနာတော်နှင့် ဆန့်ကျင်ဘက် အယူအဆဟောင်းသည် နက်ရှိုင်းသည်ထက် နက်ရှိုင်းလာသည်။ ထူးဆန်းသော ဆန့်ကျင်ဘက်နှစ်ခုရှိနေသည့် ဘဝနေနည်းမျိုးနှင့် နေထိုင်လာခဲ့ရသည်။ တစ်ဖက်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ကရုဏာတော်နှင့်ပတ်သက်ပြီး ကြီးမားသောသဒ္ဓါတရားတဖွားဖွားဖြစ်နေသည်။ ယင်းသဒ္ဓါတရားသည် ထိုအချိန်က ကျွန်ုပ်၏ကဗျာများတွင် ပြတ်ပြတ်သားသား ထင်ဟပ်နေသည်။ နောက်

mgyoe.com

m

တစ်ဖက်ကလည်း ဗုဒ္ဓဒေသနာတော်များနှင့်ပတ်သက်ပြီး ယုံကြည်မှုကင်းမဲ့နေသည်။

အတိတ်ကိုပြန်ကြည့်လိုက်သောအခါ ဗာဗာ၏ ဩဇာအရှိန်အဝါကို တွေ့မြင်နေရသည်။ ယင်းဩဇာအရှိန်အဝါသည် ကျွန်ုပ်၏ စိတ်နှလုံးတွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာတော်နှင့်ပတ်သက်ပြီး ရှေးအယူအဆပေါင်းများစွာရှိနေသော်လည်း ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင်နှင့်ပတ်သက်ပြီး ပေါ်လာသောယုံကြည်ချက်ကိုမူ သေးငယ်သွားအောင် မပြုလုပ်ပေ။ ဗာဗာ၏ယင်းအမွေအနှစ်သည် ကျွန်ုပ်အတွက် ဝိပဿနာ၏ ခိုင်မာအားရှိသော အခြေခံအုတ်မြစ် ဖြစ်လာနိုင်သည်။

ဗာဗာ၏ထံတွင် မကုန်နိုင်မခန်းနိုင်သော ဘဏ္ဍာတိုက်ရှိသည်။ ယင်းဘဏ္ဍာတိုက်သည် ထိုအချိန်က အသက်ရှင်လျက်ရှိသော စွယ်စုံကျမ်းကြီးသဖွယ် ဖြစ်နေသည်။ ယင်းဘဏ္ဍာတိုက်ထဲက အမြဲမပြတ် သစ်ဆန်းသော ကျေးလက်ရိုးရာပုံပြင်များနှင့် ဒိုဟာကဗျာများကို နားထောင်ခွင့် ရရှိသည်။ ဒိုဟာကဗျာအများအပြားမှာ အကြိမ်များစွာ ရွတ်ဆိုနေရသော ကဗျာများဖြစ်သည်။ ဗာဗာထံမှကြားရသော ကျေးလက်တောရွာ ပုံပြင်များသည်လည်း စိတ်ပါဝင်စားဖွယ်ကောင်းလှသည်။ အဆုံးအမဥပဒေသများနှင့်လည်း ပြည့်စုံသည်။ ထိုနည်းအတိုင်းပင် ဗာဗာထံမှ နားထောင်ရသော ဒိုဟာကဗျာများတွင်လည်း ဓမ္မသဘောများ သက်ဝင်နေသည့်အပြင် တစ်ပြိုင်နက်တည်းမှာပင် လက်တွေ့ကျင့်သုံးလိုက်နာအပ်သည့် လောကနီတိနှင့်ပတ်သက်သော အဆိုအမိန့်များလည်း ပါဝင်ပတ်သက်နေသည်။

ကျွန်ုပ်သည် ယင်းဒိုဟာကဗျာများကို အလွန်တရာ နှစ်သက်မြတ်နိုးသည်။ ထို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်၊ ကျွန်ုပ်တွင် ဒိုဟာကဗျာ ရေးဖွဲ့တတ်သော ဉာဏ်စွမ်းဉာဏ်စ ရှိလာသည်။ ဗာဗာ အသက်ထင်ရှား ရှိနေစဉ်ကပင် ကျွန်ုပ်သည် ၇ နှစ် ၈ နှစ် အရွယ်က ပထမဦးဆုံး ဒိုဟာ ကဗျာကို ရေးဖွဲ့ခဲ့သည်။ ယင်းကဗျာ၏ အမှားတစ်ခုကို ဗာဗာကိုယ်တိုင် ရယ်ပြီး ပြင်ပေးသည်။ ယင်းသို့အားဖြင့် ကျွန်ုပ်အတွက် စာပေမျိုးစေ့သည် ဗာဗာ၏အရိပ်အာဝါသအောက်၌ပင် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ ယင်းစာပေကဗျာမျိုးစေ့သည် ယခုထက်တိုင် အညွန့်အညှောက်ပေါက်ပြီး ပွင့်လန်းစည်ကားနေတုန်းပင် ဖြစ်သည်။

ဗာဗာသည် နေ့စဉ် သတင်းစာဖတ်လေ့ရှိသည်။ သို့ရာတွင် မျက်စိအမြင်အားနည်းလာသောကြောင့် သူကိုယ်တိုင် မဖတ်နိုင်တော့ပေ။ ကျွန်ုပ်က သူ့ကို ဖတ်ပြရသည်။ အသက်အရွယ် ငယ်ငယ်ကပင် ဟိန္ဒီနှင့်ပတ်သက်သော ကျွန်ုပ်၏အသိဉာဏ်သည် သာမန်ထက် ပိုမိုလွန်ကဲနေသည်။ ထို့ကြောင့် စာဖတ်သည့်အခါ အခက်အခဲမရှိဘဲ လွယ်လွယ်ဖတ်၍ရသည်။

mgyoe.com

myoe.com

သတင်းစာများတွင်ပါသော သတင်းများနှင့်ပတ်သက်ပြီး ဗာဗာ၏ ဝေဖန်ပြောဆိုချက်များကို ကြားရသောအခါ ပုံမှန်အသိဉာဏ်သည် တိုးပွားများပြားလာသည်။ ဗာဗာ၏စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသော မျိုးချစ်စိတ်သည် ကျွန်ုပ်အပေါ်တွင်လည်း သြဇာအရှိန်အဝါ စူးရှလာသည်။ အင်္ဂလိပ်တို့သည် အိန္ဒိယနှင့် မြန်မာကို ကျွန်လုပ်ထားကြသည်။ ယင်းအချက်နှင့်စပ်လျဉ်းပြီး ဗာဗာသည် စိတ်မချမ်းမမြေ့မှု ကြီးစွာဖြစ်နေသည်။ ထို့ကြောင့် ဗာဗာသည် လွတ်လပ်ရေးတိုက်ပွဲနှင့်ပတ်သက်သော သတင်းတိုင်းကို စိတ်ပါဝင်စားစွာ ခံစားမှုအပြည့်ဖြင့် လေ့လာသည်။ သူ့ထင်မြင်ချက်ကိုလည်း ပြောပြသည်။ ယင်းအချက်များသည်လည်း ကျွန်ုပ်၏စိတ်နှလုံးတွင် လေးလေးနက်နက် သြဇာအရှိန်အဝါ သက်ရောက်မှု ရှိလာသည်။

နောက်ပိုင်းတွင် ကျွန်ုပ်သည် လွတ်လပ်ရေးတိုက်ပွဲများ၌ ကာယကံမြောက် ပါဝင်လှုပ်ရှားရာ၌ အောင်မြင်မှု မရှိသော်လည်း မိခင်တိုင်းပြည် မြန်မာနိုင်ငံနှင့်လည်းကောင်း၊ အဘိုးအဘွားများ၏ ဇာတိနယ်မြေ အိန္ဒိယနိုင်ငံနှင့်လည်းကောင်း ပတ်သက်ပြီး ဗာဗာစိုက်ပျိုးခဲ့သော ယင်းတိုင်းချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်သည် ထိုအချိန်က ကဗျာများတွင် ပြတ်ပြတ်သားသား ထင်ဟပ်ပေါ်လွင်နေသည်။ နိုင်ငံ နှစ်နိုင်ငံနှင့် ပတ်သက်ပြီး ခိုင်မာအားရှိသော မင်္ဂလာဆုတောင်းများသည် ယနေ့ထက်တိုင် စိတ်နှလုံးထဲတွင် ရှင်သန်ကြီးထွားနေသည်။

ဗာဗာသည် မြန်မာဘုရင်များနှင့်ပတ်သက်၍လည်း အလွန်တရာ လေးစားကြည်ညိုမှု ရှိသည်။ မြန်မာဘုရင်များ၏ တရားဓမ္မနှင့်ပတ်သက်သော စိတ်သဘောထားများကို ဗာဗာသည် ထူးထူးခြားခြား ချီးကျူးစကား ပြောကြားလေ့ရှိသည်။

ဗာဗာက ပြောပြသည်။

အင်္ဂလိပ်များသည် မလိမ့်တပတ်လုပ်ပြီး မြန်မာဘုရင်များ၏ တိုင်းနိုင်ငံကို လုယူသည်။ အင်္ဂလိပ်အစိုးရ ရောက်ရှိလာပြီးသည့်နောက်တွင် တိုင်းသူပြည်သားတို့၏ စီးပွားရေးအခြေအနေသည် ဆုတ်ယုတ်ပျက်စီးသွားသည်။ ဓမ္မနှင့်ပတ်သက်သော နယ်ပယ်၌လည်း ဆုတ်ယုတ်နစ်နာမှုများ ဖြစ်ပွားခဲ့သည်။ နောက်ဆုံးတွင် သီပေါဘုရင်ကို နန်းတော်မှ အကျဉ်းသားအဖြစ် ဖမ်းပြီး မန္တလေးမြို့ ဧရာဝတီမြစ်ကမ်းပါးမှ ခေါ်သွားချိန်၌ တွေ့ရသော ယင်းမြင်ကွင်းကို သတိရသောအခါ ဗာဗာသည် အကြီးအကျယ် စိတ်မချမ်းမြေ့ ဖြစ်ရသည်။

ထို့နောက် သီပေါမင်းကို အိန္ဒိယနိုင်ငံ၏ အနောက်ဘက် ပင်လယ်ကမ်းခြေ၌ အကျဉ်းသားဘဝအဖြစ် အခြေမဲ့အနေမဲ့ ထားခြင်းသည်လည်း ဗာဗာ၏စိတ်နှလုံးကို အကြီးအကျယ် စိတ်မကောင်းခြင်း ဖြစ်ပွားစေခဲ့သည်။ ဗာဗာ၏စိတ်နှလုံးထဲတွင် မြန်မာ

myoe.com

mgyoe.com

နိုင်ငံရှိ ရိုးသားဖြောင့်မတ်သော ပြည်သူပြည်သားများနှင့်ပတ်သက်ပြီး အလွန်တရာ ချစ်ခင်မြတ်နိုးသည့် သဘောထား ထင်ဟပ်နေသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ရိုးသားသော အယောင်ဆောင်ကင်းမဲ့သော ဘဝနေနည်းမျိုးဖြင့် နေထိုင်ကြသည်ကို ဗာဗာသည် အမြဲတစေ ချီးကျူးစကား ပြောလေ့ရှိသည်။ အင်္ဂလိပ်အစိုးရ ရောက်ရှိလာပြီးနောက် မြန်မာနိုင်ငံသူ နိုင်ငံသားတို့အပေါ်တွင် ကျရောက်လာသော နိုင်ငံခြား ဩဇာအရှိန်အဝါအမှားများကို တွေ့ရသောအခါ တွင်လည်း ဗာဗာသည် စိတ်မချမ်းမသာဖြစ်ရသည်။ နောက်ပိုင်းတွင် သိုးဖြူအုပ်ထဲတွင် သိုးမည်းအချို့ ရှိသည်ကို ကျွန်ုပ်လည်း တွေ့ရသည်။ သို့ရာတွင် ယေဘုယျအားဖြင့် မြန်မာများသည် အခြားလူများထက် အကျင့်သီလ ရှိကြသည်။ ယင်းသို့ ဖြစ်ရခြင်း၏ အကြောင်းတစ်ခုမှာ ဒုစရိုက်ကျူးလွန်လျှင် ဆိုးကျိုးခံစားရလိမ့်မည်ဟု ငယ်ရွယ်စဉ်ကပင် အဆုံးအမ ခံခဲ့ကြရသည့်အတွက်ကြောင့်ဖြစ်သည်။ ဆိုးကျိုးခံရသည်ကို မသိအပ် မသိရသည့် စွမ်းအားတစ်ခုကလည်းကောင်း၊ ဘာသာရေးကျင့်ထုံး တစ်ခုခုက လည်းကောင်း မကယ်နိုင်ပေ။ ကံစီမံရာ ခံရမည်ဟူသော သဘာဝတရားကို အကြွင်းမဲ့ ယုံကြည်ကြသောကြောင့် မြန်မာတို့သည် မိမိတို့၏ကံတရားကို အထူးသတိထားကြ သည်။ ထို့ကြောင့် မိမိတို့၏ရှေးဟောင်းဓမ္မနှင့်ပတ်သက်သော ယဉ်ကျေးမှုကို အသက်ရှင် နေအောင် မပြတ်ကြိုးစားအားထုတ်ကြသည်။ ထို့ကြောင့်ပင် မိမိတို့၏တိုင်းပြည်တွင် အနောက်ယဉ်ကျေးမှုဩဇာ သည်လောက် အလွှမ်းမိုးမခံရခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် ဓမ္မတရားတော် အသက်ပြန်ဝင် လာခြင်းကို ပြတ်ပြတ်သားသား တွေ့မြင်နေရသည့်အတွက် ကျွန်ုပ် အလွန်ဝမ်းသာ အားရ ဖြစ်ရသည်။ ဗာဗာ၏အမွေအနှစ်အဖြစ် မိမိ အမိနိုင်ငံချစ်စိတ် လက်ဆောင်မွန် ရရှိခဲ့သည်။ ကုသိုလ်ကံ ထူးပေစွတကား။

ဗာဗာသည် နှစ်ပေါင်းများစွာအလွန်ကပင် ကုန်ရောင်းကုန်ဝယ်လုပ်သော တာဝန်ဝတ္တရားများက လွတ်လွတ်ကျွတ်ကျွတ် အနားယူပြီး နေထိုင်လာခဲ့သည်။ သူ ၏သားသုံးယောက်က ဗာဗာ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြသည်။ ကုန်ရောင်း ကုန်ဝယ် အလုပ်ကိစ္စ၌ နီတိကျင့်ဝတ် ပြောပြသည်။ ယင်းအကြောင်းအရာနှင့် ပတ်သက် သော အတွေ့အကြုံသည် သူ၏စိတ်နှလုံးထဲတွင် နက်ရှိုင်းစွာ ထင်ဟပ်နေသည်။

ဗာဗာက ပြောသည်။

အိန္ဒိယကုန်သည်တချို့ ထိုအချိန်က မြန်မာအစိုးရကို တစ်ပတ်ရိုက်သော ကြောင့် အိန္ဒိယကုန်သည်လောကတစ်ခုလုံး မြန်မာနိုင်ငံအစိုးရ၏အမြင်တွင် ဂုဏ်သိက္ခာ ကျဆင်းသွားသည်။ ဗာဗာ၏ ယင်းပြောပြချက်သည် ကျွန်ုပ်၏စိတ်နှလုံးတွင် အရေး

mgyoe.com

mgyoe.com

အနက် ဩဇာသက်ရောက်မှု ရှိသွားသည်။ ကုန်သည်လောက၌ ရှိသင့်ရှိအပ်သော ကျင့်ဝတ်စည်းကမ်းနှင့်ပတ်သက်ပြီး ဗာဗာ မကြာခဏ ပြောပြသည်။ ဖောက်သည်များ၊ ဈေးဝယ်သူများသည် ကျွန်ုပ်တို့၏ ထမင်းရှင် ဖြစ်ကြသည်။ ကျွန်ုပ်တို့ ရှာဖွေရရှိသော ငွေကြေးများသည် ဖောက်သည်များ စားသုံးသူများထံမှရရှိသော ငွေကြေးဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ထမင်းရှင်ကို မည်သည့်အခါမှ မလှည့်စားသင့်ပေ။

ဗာဗာ၏ယင်းအဆုံးအမသြဝါဒသည် ကျွန်ုပ်၏စိတ်နှလုံးပေါ်တွင် လေးလေးနက်နက် ဩဇာအရှိန်အဝါ စူးရှနေသည်။ ကုန်ရောင်းကုန်ဝယ်လုပ်စဉ် အချိန်ကာလအတွင်းကမူ ဗာဗာ၏ ယင်းအဆုံးအမကို လိုက်နာကျင့်သုံးခဲ့သည်သာ ဖြစ်သည်။ ယခု ကျန်ဘဝ၌ အနားယူပြီး ဝိပဿနာတရား ပြန့်ပွားအောင် လုပ်သောအခါ၌ကား လွန်ခဲ့သော နှစ်အနည်းငယ်ကစပြီး အမေရိက၊ ကနေဒါ၊ ဥရောပ နိုင်ငံများနှင့် အိန္ဒိယနိုင်ငံမှ ထိပ်တန်းကုန်သည်များသည် ဝိပဿနာနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှု ရှိလာကြသည်။ ယင်းတို့အားလည်း ယင်းတရားအဆုံးအမကိုသာ ပြောပြသည်။

မြန်မာဘုရင်များအကြောင်း ပြောပြသောအခါ ဗာဗာသည် ဗန္ဓုလ စစ်သူကြီးအကြောင်း မကြာခဏ ထည့်ထည့်ပြောတတ်သည်။ ဗန္ဓုလသည် မျိုးချစ်သူရဲကောင်း စစ်သူကြီးဖြစ်သည်ဟု ဗာဗာက ထင်မှတ် ယူဆထားသည်။ သို့ရာတွင် စစ်ပွဲတစ်ပွဲတွင် အင်္ဂလိပ်တို့က ဗန္ဓုလကို ဥပါယ်တံမျဉ်ဖြင့် ကျဆုံးသွားအောင် လုပ်လိုက်ကြသည်။ မြန်မာပြည်သူပြည်သားများသည် မိမိတို့၏ စစ်သူကြီးကို အလွန်တရာ လေးစားကြည်ညို ကြသည်။ ဗာဗာထံမှသာမကဘဲ နောက်ပိုင်းတွင် တခြားပုဂ္ဂိုလ်များထံမှလည်း ဗန္ဓုလ၏ဂုဏ်ပုဒ် ထုတ်ဖော်ချီးကျူးသည်ကို ကြားသိရသည်။

ဗန္ဓုလအမည်နာမကိုအကြောင်းပြုလျက် ကျွန်ုပ်တို့၏ကုန်သွယ်ရေးလုပ်ငန်းတွင် အရေးပါ အရာရောက်သော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ ကျွန်ုပ်တို့၏ မန္တလေးမြို့က ဆိုင်အတွက် အထည်များကို များသောအားဖြင့် ရန်ကုန်မြို့မှ ဝယ်ယူလျက် ထုပ်ပိုးပြီး မန္တလေး ယူလာသည်။ အိန္ဒိယနိုင်ငံမှလည်း အထည်အချို့ မှာယူသည်။ ထိုအချိန်က ကျွန်ုပ်တို့ နိုင်ငံတွင် မာလာဗာရ် (ကေရလ) မှ ပလေကတ်လုံချည် တင်သွင်းရောင်းချသည်။ မာလာဗာရ်ရှိ ကန္နာနုရ်မြို့မှ ပီရှံကရန် အမည်ရှိ ကုန်သည်တစ်ဦးသည် မန္တလေးမြို့သို့ အချိန်မှန်မှန် လာလေ့ရှိသည်။ ကျွန်ုပ်တို့ဆိုင်နှင့် တခြားဆိုင်များမှ 'အော်ဒါ' ယူသွားပြီးလျှင် အိန္ဒိယမှ ကုန်ပစ္စည်းများ တင်ပို့သည်။ တစ်ကြိမ်တွင် သူတင်ပို့ရမည့် ကုန်ပစ္စည်းအတွက် အော်ဒါယူရန် ပီရှံကရန် မန္တလေး ရောက်လာသောအခါ ကျွန်ုပ် သူနှင့် အသိဖြစ်သွားသည်။ ထိုအချိန်က ကျွန်ုပ်၏အသက်မှာ ၁၂ နှစ်မျှသာ ရှိသေးသည်။ ပီရှံကရန်သည် ဟိန္ဒီစကားလည်း နားမလည်ပေ။ မြန်မာစကား

mgyoe.com

mgyoe.com

လည်း နားမလည်ပေ။ ကျွန်ုပ်တို့ အသိုင်းအဝန်းထဲတွင်လည်း အင်္ဂလိပ်စကား ပြောတတ်သူ မရှိပေ။ ထို့ကြောင့် ပီရုံကရန် ရောက်လာသည့် အချိန်တိုင်း ကျောင်းဆရာ၏ အကူအညီဖြင့် စကားပြောရသည်။

သို့ရာတွင် ယခုတစ်ကြိမ် ပီရုံကရန် ရောက်လာသောအခါ ဖခင်ကြီးက "သားလည်း အင်္ဂလိပ်စာသင်နေတယ်မဟုတ်လား။ ပီရုံကရန်ကို အင်္ဂလိပ်လို ပြောကြည့်ပါလား" ဟု ကျွန်ုပ်ကို ပြောသည်။ ဖခင်ကြီးက ခိုင်းသည့်အတိုင်း ကျွန်ုပ် ပီရုံကရန်ကို အင်္ဂလိပ်လို ပြောကြည့်သည်။ ပီရုံကရန်နှင့် ဖခင်ကြီး နှစ်ဦးလုံး ကျေနပ်အားရသွားကြသည်။ ခါတိုင်းကဲ့သို့ပင် လုံချည်တင်ပို့ပေးရန် 'အော်ဒါ' ပေးလိုက်သည်။

ထိုအချိန်က "တကယ်လို့ ကျွန်ုပ်တို့ ဆန္ဒရှိရင် ကျွန်ုပ်တို့မှာတဲ့ လုံချည်မှာ ကျွန်ုပ်တို့ကိုယ်ပိုင် 'ထရိတ်မာ့က်' (ကုန်ပစ္စည်းတံဆိပ်)တပ်ပေးလို့ ရတယ်" ဟု ပီရုံကရန်က ပြောသည်။ ဖခင်ကြီး အကြီးအကျယ် ဝမ်းသာအားရ ဖြစ်သွားသည်။ ကျွန်ုပ်တို့ မှာယူတင်သွင်းသော လုံချည်များသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်များ၌သာမကဘဲ မြန်မာပြည် မြောက်ပိုင်းမြေပြန့်ဒေသများ၌လည်း တွင်တွင်ကျယ်ကျယ် ရောင်းချရသည့် အတွက်ကြောင့်ဖြစ်သည်။ ယင်းလုံချည်များတွင် တခြားကုန်ပစ္စည်းတံဆိပ် တပ်ထားသည်။ အကယ်၍ ကျွန်ုပ်တို့ ကိုယ်ပိုင်ကုန်ပစ္စည်း တံဆိပ် တပ်ထားမည်ဆိုပါက လုံချည်များ အရောင်းရ တွင်ကျယ်သည်နှင့်အမျှ အနာဂတ်ကာလတွင် ကျွန်ုပ်တို့အတွက်လည်း အကျိုးများစွာဖြစ်ထွန်းလာပေလိမ့်မည်။ သို့သော်လည်း ပြဿနာတစ်ခုပေါ်လာသည်။ ကျွန်ုပ်တို့လည်း နှစ်ခြိုက်သော၊ စားသုံးသူများလည်း သဘောကျသော မည်ကဲ့သို့သော 'ထရိတ်မာ့က်' မျိုးကို တပ်မည်နည်း။

ထိုအချိန်၌ ကျွန်ုပ်စိတ်ထဲတွင် 'ဗန္ဓုလ' အမည် ပေါ်လာသည်။ ဖခင်ကြီးကလည်း 'ဗန္ဓုလ' အမည်ကို သဘောတူသည်။ မဟာမြတ်မုနိဘုရား သွားစဉ်က ပန်းချီကားများ ရောင်းချသော ပန်းချီဆရာတစ်ဦး၏ ဆိုင်တစ်ဆိုင်ကို တွေ့ခဲ့သည်။ ယင်းဆိုင်တွင် ပန်းချီကားလှလှကလေးများကို ရောင်းချသည်။ ထိုဆိုင်သို့သွားပြီး ပန်းချီဆရာကို 'ဗန္ဓုလ' ပုံ အဆွဲခိုင်းသည်။ ပန်းချီဆရာကလည်း 'ဗန္ဓုလ' ပုံ နှစ်ပုံ ချက်ချင်း ဆွဲပေးသည်။ တစ်ပုံမှာ မတ်ရပ်ပုံဖြစ်ပြီး အခြားပုံတစ်ပုံက ဗန္ဓုလ၏ တိုင်းသိပြည်သိ အမှတ်လက္ခဏာ သံခမောက်၊ ဓားလွယ်၊ ဓားအိမ်ပုံ ဖြစ်သည်။ ဒုတိယပုံကို ကျွန်ုပ်လည်း နှစ်သက်သည်။ ဖခင်ကြီးလည်း သဘောကျသည်။ ယင်းပုံကို ပီရုံကရန်အား ပေးလိုက်သည်။ ထို့နောက် မာလာဗာရ်မှ ကျွန်ုပ်တို့ လုံချည် မှာယူတင်သွင်းသောအခါ ယင်းလုံချည်များတွင် ကျွန်ုပ်တို့၏ ယင်း 'ထရိတ်မာ့က်'ကို ကပ်ထားသည်။ ထို့နောက် အချိန်အနည်းငယ်ခန့်ကြာသောအခါ အဟမဒါဗတ်မှ မှာယူတင်သွင်းသော

mgyoe.com

mgyoe.com

ပိတ်အုပ်များတွင်လည်း ကျွန်ုပ်တို့၏ 'ဗန္ဓုလ' တံဆိပ်ကိုပင် တပ်ထားသည်။ ဘုံဘေမှ မှာယူတင်သွင်းသော တူရကီမျက်နှာသုတ်ပဝါများတွင်လည်း ယင်း 'ဗန္ဓုလ' တံဆိပ်ကိုပင် တပ်ထားသည်။ သို့ရာတွင် ယင်းတံဆိပ်များထဲက လုံချည်၌တပ်ထားသော တံဆိပ်ကသာ ပိုပြီး ထင်ရှားကျော်ကြားသွားသည်။ ယင်းအဖြစ်အပျက်များသည် ဒုတိယကမ္ဘာစစ်မဖြစ်မီက အဖြစ်အပျက်များဖြစ်သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက်ပိုင်း မြန်မာနိုင်ငံ ပြန်လာပြီး ကူးသန်း ရောင်း ဝယ်ရေးလုပ်ငန်းလုပ်သောအခါ ကျွန်ုပ် ငယ်စဉ်က ရွေးချယ်ခဲ့သော 'ဗန္ဓုလ' အမည်နာမကို ပြန်လည်သတိရလာသည်။ နောက်ပိုင်းတွင် ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော် အခါက ဘုရားရှင်၏ဒါယကာ ကောသလဘုရင် ပသေနဒီ၏ သူရဲကောင်း သေနာပတိ စစ်သူကြီးလည်းဖြစ်သော၊ ဘုရားရှင်၏ထင်ရှားသော ဒါယိကာမ မလ္လိကာ၏ခင်ပွန်း လည်း ဖြစ်သော ပုဂ္ဂိုလ်၏အမည်နာမမှာလည်း 'ဗန္ဓုလ' ဖြစ်သည်ကို သိရသောအခါ 'ဗန္ဓုလ' ဟူသော အမည်နာမကို ကျွန်ုပ်ပိုမိုနှစ်ခြိုက်သွားသည်။ ထို့ကြောင့် ထိုအချိန်က စက်မှုလုပ်ငန်းများကို လုပ်ကိုင်သောအခါ 'ဗန္ဓုလ ဘလန်းကက်မိလ်စ်' (ဗန္ဓုလစောင်၊ စက်)၊ 'ဗန္ဓုလ ပလတ်စတစ်'၊ 'ဗန္ဓုလ ဘရန် အွိုင်းလ်စ်' (ဗန္ဓုလဖွဲနုဆီစက်)၊ 'ဗန္ဓုလ တက်စတိုင်းလ်စ်' စသော အမည်နာမများကို အသုံးပြုခဲ့သည်။

စက်မှုလုပ်ငန်းအားလုံးကို 'ဗန္ဓုလ' အမည်တပ်ထားသည့်အ ဘွက် ပြည်သူ တို့၏အားပေးမှု ရရှိလာသည်မှာလည်း တိုက်ဆိုင်မှုတစ်ခုပင်ဖြစ်သည်။ အထူးအားဖြင့် 'ဗန္ဓုလ' တံဆိပ်တပ်ထားသော ဗန္ဓုလစောင်သည် ထူးထူးခြားခြား နာမည်ကျော်ကြား လူကြိုက်များလာသည်။ ယင်းသို့ နာမည်ကျော်ကြား လူကြိုက်များခြင်း၏ အခြား အကြောင်းတစ်ရပ်မှာ ဗဟာ ညွှန်ကြားသော လူ့ကျင့်ဝတ်အပြည့်ရှိသည့် ကုန်သွယ် ရေးနှင့်ပတ်သက်သော ကျင့်ဝတ်ကို လိုက်နာကျင့်သုံးပြီး ကုန်ပစ္စည်း၏ အရည်အသွေး 'ကွာလတီ' ကို အဆင့်မြှင့်ထားခြင်းကြောင့် ဟူ၍ အပြည့်ဝ သတိရလာသည်။

ထို့နောက် ကူးသန်းရောင်းဝယ်ရေးအလုပ်မှ ကျွန်ုပ် အနားယူပြီးနောက် မြန်မာအစိုးရက ပုဂ္ဂလိက ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကြီးများကို ပြည်သူပိုင် လုပ်ပြီးသည့်အချိန် ကျွန်ုပ်၏သားများသည် မြန်မာနိုင်ငံ၌ ကုန်ကူးသန်းရောင်းဝယ်မှု ပြုလုပ်ကြသောအခါ သူတို့၏ ကုန်သွယ်မှုလုပ်ငန်းများကို 'ဗန္ဓုလ နေရှင်နယ်လီမိ တက်'၊ 'ဗန္ဓုလ အင်တာနေရှင်နယ်လီမိတက်' အမည်များ ပေးထားသည်ကို တွေ့ရ သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများနှင့် ကျွန်ုပ် ဆက်စပ်မှု မရှိတော့ပြီဖြစ်သော်လည်း ကျွန်ုပ်၏မျိုးဆက်သစ်များ ဗန္ဓုလအမည် မမေ့မသွားကြသည်ကို တွေ့ရသည့်အတွက်ကြောင့်လည်း အားရဝမ်းသာ ဖြစ်ရသည်။

mgyoe.com

mgyoe.com

ကျွန်ုပ်၏သားများ ယခု ဗန္ဓုလ တိုးရစ် အင်ထရားဗလား (ဗန္ဓုလ ခရီးသွားလုပ်ငန်း) အမည်ဖြင့် အသစ်တည်ထောင်သော ကုန်သွယ်မှုလုပ်ငန်းကို တွေ့ရပြန်သောအခါ ပို ပြီး ပီတိဖြစ်ရသည်။ ကျွန်ုပ်အတွက် ဝမ်းမြောက်ဝမ်းသာမဖြစ်ဘဲ နေ၍မရသော အကြောင်းအရာများဖြစ်သည်။ ဗာဗာဂုဏ်ပြုခဲ့သော မြန်မာဘုရင်များ အပါအဝင် မြန်မာသမိုင်းဝင် သူရဲကောင်းစစ်သူကြီး 'မဟာဗန္ဓုလ' အမည်နာမသည် ကျွန်ုပ်စိတ် နှလုံးတွင် နက်ရှိုင်းစွာ ထင်ဟပ်နေသည်။ ယင်းအမည်နာမကို မြန်မာနိုင်ငံ၌ ကုန်ကူး သန်းရောင်းဝယ်မှု လုပ်ကိုင်နေကြသော ဗာဗာ၏ ပဉ္စမမျိုးဆက်အထိ ထိန်းသိမ်းထား ကြသည်။ ယခုအခါတွင်ကား မြန်မာနိုင်ငံက ဂိုအင်ကာမိသားစု တစ်ခုလုံးသည် 'ဗန္ဓုလ' အမည်နာမနှင့် ဆက်စပ်မှုရှိနေသလိုပင်ဖြစ်နေသည်။ ကျွန်ုပ်၏ မိခင် မြန်မာနိုင်ငံ၌ လွန်ခဲ့သော ၁၂၅ နှစ်ကစ၍ မျိုးဆက် ငါးဆက်အထိ ဆင်းသက်လာခဲ့သော ဗာဗာ၏ ဂိုအင်ကာမိသားစုသည် ယခုအချိန်၌ 'ဗန္ဓုလ' အမည်နှင့် အနက်အဓိပ္ပာယ်တူ ပရိယာယ် စကားလုံး ဖြစ်နေပြီ။ ယင်းအချက်ကို တွေ့မြင်သိရှိရသောကြောင့် ဖရဏာပီတိ ဂွမ်းဆီ ထိသကဲ့သို့ နှစ်သိမ့်ဝမ်းမြောက်ခြင်း ဖြစ်ရပေသည်။

❑

mgyoe.com

mgyoe.com

သဘောတူကြသည်။ သို့သော်လည်း ရှေ့ခရီး၌ ဈေးနေ့တွင် ဈေးရောင်းပြီးမှ ဒင်္ဂါးပြားများ ထည့်ထားသော ပိုက်ဆံအိတ် ကျန်ခဲ့သည့် ဇရပ်ကို ပြန်သွားလျှင်လည်း မေ့ကျန်ခဲ့သော ပိုက်ဆံအိတ်ကို ပြန်ရမည်ဟု ပြောပြသည်။ ပိုက်ဆံအိတ်ကျန်ခဲ့သော ဗာဗာသည် စိုးရိမ်တကြီးဖြစ်နေသော်လည်း မြင်းအငှားလိုက်သူများ ပြောသော စကားကို လက်ခံပြီး ၄၊ ၅ ရက် ကြာပြီးသည့်နောက်မှ ပိုက်ဆံအိတ် မေ့ကျန်ခဲ့သော ဇရပ်ကို ပြန်သွားသည်။ ဇရပ်ရောက်သွားသောအခါ ဇရပ်တွင် မေ့ကျန်ရစ်ခဲ့သော ပိုက်ဆံအိတ် အနေအထားမပျက်ဘဲ ယခင်အတိုင်း ရှိနေသည်ကို ပြန်တွေ့သည်။ မည်သူတစ်ဦးတစ်ယောက်ကမှ လက်နှင့် တို့ကြည့်ရုံမျှပင် တို့မကြည့်ပေ။ ရွာသူ ရွာသားများသည်လည်းကောင်း၊ ညဥ့်အချိန် ထိုဇရပ်၌ တည်းခိုကြသော ခရီးသည်များသည်လည်းကောင်း၊ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး ကိုယ့်ခရီး ကိုယ်ဆက်သွားကြသည်ဖြစ်၍ ဗာဗာ မေ့ကျန်ခဲ့သော ပိုက်ဆံအိတ်သည် သူထားခဲ့သည့် နေရာ၌ပင် ယခင်အတိုင်း ရှိနေသည်ကို ပြန်တွေ့သည်။

ယင်းအဖြစ်အပျက်အပြင် ဗာဗာပြောပြသော အခြားအဖြစ်အပျက် တစ်ခုလည်း ရှိသေးသည်။ မန္တလေး မြို့ဈေးရှိ ဆိုင်တစ်ဆိုင်၏ရှေ့ဘက်က လူသွားလမ်းပေါ်၌ နမော်နမဲ့နိုင်သော မိန်းမတစ်ယောက်၏ စိန်နားကပ် ကျွတ်ကျ ကျန်ရစ်ခဲ့သည်။ လမ်းသွားလမ်းလာများသည် ထိုမိန်းမ ကျွတ်ကျကျန်ရစ်သော စိန်နားကပ်ကို မတွေ့မဟုတ်၊ တွေ့ကြသည်။ သို့သော်လည်း မည်သူမျှ ယင်းစိန်နားကပ်ကို ကောက်မယူပေ။ နံနက် တံမြက်စည်းလှည်းသောမိန်းမ ရောက်လာသော်လည်း ထိုသန့်ရှင်းရေးအလုပ်သမားမိန်းမသည်လည်း စိန်နားကပ်ကို ကောက်ပြီး တံမြက်စည်းလှည်းသည်။ တံမြက်စည်းလှည်းပြီးနောက် စိန်နားကပ်ကို ယခင်နေရာ၌သာ ပြန်ထားသည်။ ၆၊ ၇ ရက်လောက်ကြာမှ တာဝန်ရှိသော အစိုးရပိုင်းမှ ပုဂ္ဂိုလ်များ ယင်း စိန်နားကပ်ကို ကောက်ယူသွားပြီး ကြေညာလျက် ပိုင်ရှင်ကိုပေးမှ ပိုင်ရှင်ဖြစ်သူက သူ့စိန်နားကပ်ကို ပြန်ယူသွားသည်။ မြန်မာလူမျိုးများသည် ထိုမျှလောက်ပင် ရိုးသားသူများ ဖြစ်ကြသည်။

ဗာဗာက ပြောပြသည်။ ထိုအချိန်က မြန်မာပြည်ရှိ အိမ်များတွင် သော့ခတ်မထားပေ။ သော့ခတ်သည့် အစဉ်အလာလည်း မရှိပေ။ ခွေး၊ ကြောင်၊ နွား စသော တိရစ္ဆာန်များ မဝင်ရန်အတွက် တံခါးများတွင် မင်းတုပ် ထိုးထားလေ့ရှိသည်။ သော့ခတ်မထားပေ။ ငွေကြေး ကြွယ်ဝသူများ၏အိမ်၌ပင် မြန်မာဘုရင်များလက်ထက်က ယင်းကဲ့သို့ စိတ်ချလက်ချ နေခဲ့ရသည်။ သို့သော်လည်း အင်္ဂလိပ်အစိုးရ အုပ်ချုပ်သော အချိန် ရောက်ရှိလာသောအခါ နိုင်ငံခြားသားများ အများအပြား ရောက်ရှိလာသည်ဖြစ်၍ တဖြည်းဖြည်း လူမှုရေးစနစ်ပြိုပျက်သွားပြီးလျှင် ခိုးမှုဝှက်မှုများဖြစ်ပေါ်လာသည်။

mgyoe.com

အိမ်များတွင် သော့ခတ်မထားဘဲ အပြင်ဘက်သွား၍ မရသည့်အခြေအနေမျိုး ဖြစ်ပေါ် လာသည်။ သော့ခတ်ထားသော်လည်း သော့ကိုရိုက်ချိုးပြီး ပစ္စည်းများကို ခိုးယူကြသည်။

မြန်မာဘုရင် မင်းတုန်းမင်းကြီး စိုးမိုးအုပ်ချုပ်စဉ်ကပင် ဗာဗာသည် မြန်မာနိုင်ငံမြို့တော် မန္တလေး၌ လာရောက်နေထိုင်သည်။ မင်းတုန်းမင်း လွန်ပြီးနောက် များမကြာမီအတောအတွင်း ဗာဗာ မန္တလေးမြို့၌ လာရောက်နေထိုင်သည်ဟု အတိအကျ ပြောမပြနိုင်သော်လည်း နောက်ဆုံး မြန်မာဘုရင် သီပေါမင်း စိုးမိုးအုပ်ချုပ်စဉ်က ဗာဗာ မန္တလေးလာပြီး နေထိုင်သည်ဟူ၍မူ အတိအကျ ပြော၍ရသည်။ သီပေါမင်းကို ဘုန်းကြီးဘုရင်ဟု ခေါ်ကြသည်။ အဘယ့်ကြောင့် ယင်းသို့ခေါ်သည်ကို မသိပေ။ ထီးနန်း မစိုးစံခင်နှစ်ပေါင်းများစွာ ဘုန်းကြီးလုပ်ခဲ့သည့်အတွက်ကြောင့် သို့မဟုတ် တရားဘက် အာရုံရောက်လွန်းသောကြောင့် ယင်းသို့ ခေါ်သလား မသိပေ။

အင်္ဂလိပ်သမိုင်းရေးဆရာများသည် မြန်မာဘုရင် သီပေါမင်းအကြောင်း ရေးခြယ်ပြရာ၌ ဆေးရောင်မှုန်မှုန်မွှားမွှားသာ အသုံးပြုကြသည်။ သို့သော်လည်း သီပေါမင်းကို ယင်းကဲ့သို့ စုတ်ချက် မှုန်မှုန်မွှားမွှား ရေးပြခြင်းသည် နိုင်ငံရေးအကြောင်းဖြစ်နိုင်ဖို့ အလားအလာရှိသည်။ သမိုင်းရေးဆရာများသည် သီပေါမင်းထီးနန်းလက်လွှတ်ရပုံနှင့် အင်္ဂလိပ်များ ဖမ်းဆီးချုပ်နှောင်ပြီး နန်းတော်မှ မြစ်ဆိပ်သို့ ခေါ်သွားပုံစိတ်နှလုံးနာဖွယ် ရှုခင်းများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရပြီး ယင်း သမိုင်းအဖြစ်အပျက်ကို ခံစားချက်အပြည့်ဖြင့် ရေးသားကြသည်။ မြန်မာ့လွတ်လပ်ရေး လက်လွတ်သွားရသည့်အတွက်ကြောင့်လည်း စိတ်မချမ်းမသာဖြစ်ကြရသည်။ အင်္ဂလိပ်အစိုးရကို အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံကို ကံဆိုးမိုးမှောင် ကျရောက်အောင် ပြုသည်ဟု ထင်မှတ်ကြသည်။ မြန်မာဘုရင်များကို ကြည်ညိုလေးစားမှု ရှိကြသည်။ သူတို့၏အဆိုအရ မြန်မာဘုရင်များနှင့် ဘုရင့်အစိုးရအရာရှိများ၏ စိတ်နှလုံးထဲတွင် အိန္ဒိယလူမျိုး ကုန်သည်များနှင့်ပတ်သက်ပြီး ချစ်ခင်လေးစားမှု ရှိကြသည်။ ယင်း မြန်မာဘုရင်နှင့် ဘုရင့်အစိုးရအရာရှိများ အိန္ဒိယကုန်သည်များအပေါ်ထားသော ချစ်ခင်လေးစားမှုသည် အင်္ဂလိပ်လူမျိုး စသော နိုင်ငံခြားကုန်သည်များအတွက် မနာလိုဝန်တိုစရာအကြောင်း ဖြစ်လာသည်။ အိန္ဒိယကုန်သည်များနှင့်ပတ်သက်ပြီး မြန်မာအစိုးရများ၏ အပြုအမူသည် ထောက်ထားငဲ့ညှာမှု အပြည့်ရှိသည်။ မည်သည့်ကုန်ပစ္စည်းများ တင်လာသနည်းဟု မေးရုံမေးသည်။ ကုန်ပစ္စည်းထည့်ထားသော အထုပ်များကို မည်သည့်အခါမှ ဖွင့်မကြည့်ပေ။ အပြည့်အဝယုံကြည်မှု ရှိကြသည်ဖြစ်၍ အိန္ဒိယကုန်သည်များ ပြောသည့်အတိုင်း အခွန်အကောက် စည်းကြပ်သည်။ သို့သော်လည်း အခြားကုန်သည်များနှင့်

myoe.com

ပတ်သက်၍မူ အသေအချာ စစ်ဆေးကြည့်ကြသည်။ ယင်းအစဉ်အလာသည် နှစ်ပေါင်းများစွာ တည်ရှိလာခဲ့သည်။ သို့သော်လည်း နောက်ပိုင်းကျလာသောအခါ အိန္ဒိယကုန်သည်များသည်လည်း မမှန်မကန်ပြောပြီး မြန်မာအစိုးရကို တစ်ပတ်ရိုက်ကြသည်။ သစ္စာဖောက်ကြသည်။ သူတို့အပေါ် ယုံကြည်စိတ်ချမှုကို ဖျက်ဆီးပစ်သည်။ တန်ဖိုးကြီးမားသော ကုန်ပစ္စည်း အပြည့်ထည့်ထားသော သေတ္တာအပေါ်ပိုင်း၌ တန်ဖိုးကြီးမားခြင်း မရှိသော ပစ္စည်းအပေါစားများကို ထည့်ပြီးလျှင် အခွန်အကောက် ကြီးကြီးမားမား များများစားစား မစည်းကြပ်စေဘဲ မြန်မာအစိုးရကို လိမ်လည် လှည့်ဖြားကြသည်။ နောက်ဆုံး၌ မသမာသော လူတချို့၏ မရိုးသားမှုကြောင့် အိန္ဒိယ ကုန်သည်အားလုံး ရေစုန်မျောကြရသည်။ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်သွားရသည့်အခြေအနေ ရောက်ရှိသွားသည်။

ဗာဗာက သူ၏အတွေ့အကြုံများကို ဆက်ပြောပြသည်။ ရှေးခေတ် မြန်မာများသည် အိန္ဒိယနိုင်ငံသားများအတွက် 'ကုလား' ဟူသော စကားလုံးကို အသုံးပြုကြသည်။ ယင်းသို့အသုံးပြုခြင်းမှာ လေးစားဂုဏ်ပြုသည့်အနေနှင့် အသုံးပြုခြင်းဖြစ်သည်။ 'ကုလား' ဟူသော စကားလုံးသည် 'ကုလ' ဟူသော စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်သည်။ ပါဠိစကား ဝါကျများ၌ 'မဟာကုလ အနာထပိဏ္ဍိက' ဟူ၍လည်းကောင်း၊ 'မဟာကုလဝိသာခါ' ဟူ၍လည်းကောင်း 'ကုလ' ဟူသော စကားလုံးကို ဂုဏ်ပြုလေးစားသည့်သဘောမျိုးဖြင့် သုံးနှုန်းထားသည်။ သို့သော်လည်း နောက်ပိုင်းနှစ်များ မကြာမီအတောအတွင်း၌ အကျင့်ပျက်ကုန်သည်များကြောင့် 'ကုလား' သို့မဟုတ် 'ကုလ' သည် မနှစ်မြို့စရာ စကား ဖြစ်လာသည်။ ကုန်သည်များသည် ရိုးသားမှု ကင်းမဲ့သွားသည်။ ရိုးသားမှု ပျောက်ဆုံးသွားသည့်အတွက်ကြောင့် ဂုဏ်သိက္ခာ ပျောက်ဆုံးသွားသည်။ ဂုဏ်သိက္ခာပျောက်ဆုံးသွားသောအခါ ဘာတစ်ခုမှ မကျန်တော့ပေ။

ဗာဗာသည် ရိုးသားမှုကိုသာလျှင် လုပ်ငန်းကြီးပွားမှု၏ အဓိက အကြောင်းဖြစ်သည်ဟူ၍ ထင်မှတ်သည်။ ရိုးသားမှုကိုသာလျှင် ပြည့်စုံ ကြွယ်ဝမှုနှင့် စိတ်ရွှင်လန်းချမ်းမြေ့မှု၏ အခြေခံဖြစ်သည်ဟူ၍ ထင်မှတ်သည်။ ရိုးသားမှုသည် ကုန် ကူးသန်းရောင်းဝယ်မှုနှင့် ကင်းကွာလာခဲ့သည်မှာ ကြာပြီ။ သို့သော်လည်း ကူးသန်းရောင်းဝယ်မှုနှင့်ပတ်သက်သော ဗာဗာ၏ စိတ်သဘောထားများသည် ယခုထက်ထိ ကျွန်ုပ်၏ နှလုံးသားထဲတွင် ထင်ဟပ်နေသည်။

ဗာဗာသည် ဖောက်သည်များကို ထမင်းရှင် ဟူ၍ပြောပြီး ဖောက်သည် သို့မဟုတ် စားသုံးသူကို လိမ်ညာလှည့်ဖြားခြင်း၊ မမှန်မကန် လုပ်ခြင်းသည် အလွန်

myoe.com

ကြီးကျယ်သော ပြစ်မှုဖြစ်သည်ဟူ၍ ထင်မှတ်ယူဆသည်။ ဗာဗာ၏ ယင်းအယူအဆကို ကျွန်ုပ်တို့ အိမ်သူအိမ်သား အားလုံးက လက်ခံကြသည်။ ကျွန်ုပ်၏ ဦးကြီးတစ်ယောက်ကမူ ယင်းအယူအဆနှင့်ပတ်သက်ပြီး တစ်ဖက်စွန်းသို့ပင် ရောက်သွားသည်။

ကျွန်ုပ်၏ဘဝ၌ ဗာဗာ၏အယူအဆ အလေ့အထ အတော်များများ အရိပ်ထိုး ကျန်ရစ်ခဲ့သည်။ ဗာဗာသည် သတင်းစာဖတ်လိုသည့် ဝါသနာကြီးသော်လည်း မျက်စိမကောင်းသောကြောင့် နေ့စဉ်နေ့တိုင်း ကျွန်ုပ်ကို ဖတ်ခိုင်းပြီး နားထောင်လေ့ရှိသည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်ပတ်သက်သော အကြောင်းအရာများကို သိလိုနားလည်လိုသည်။ ဗာဗာ၏ ယင်းဝသီသည်လည်း ကျွန်ုပ်၏အပေါ် ကြီးကြီးမားမား အရိပ်ထိုးကျန်ခဲ့သည်။ နေ့စဉ်သတင်းစာ မဖတ်ရ မနေနိုင် ဖြစ်ခဲ့သည်။

ဗာဗာသည် စာပေကိုလည်း အလွန်တရာ မြတ်နိုးသည်။ ဗာဗာ၏ စိတ်နှလုံးထဲတွင် လောကစာပေခေါ်သော ကျေးလက်စာပေအပြည့် ရှိနေသည်။ သူ၏ အမှတ်သညာ ဘဏ္ဍာတိုက်ထဲတွင် လောကကထာ ခေါ် ကျေးလက် ပုံဝတ္ထုများ မည်မျှရှိသနည်း မပြောတတ်ပေ။ ဗာဗာသည် သူ၏အမှတ်သညာ အဘိဓာန်တွင်ရှိနေသော လောကကထာခေါ် ကျေးလက်ပုံဝတ္ထု များကို ပြောပြလေ့ရှိသည်။ သူ၏အမှတ်သညာထဲတွင် ရာဇဆတာနီဒိုဟာကဗျာများ၏ဩဇာ အကြီးအကျယ် လွှမ်းမိုးနေသည်။ ကံကောင်းထောက်မသည့်အားလျော်စွာ ကျွန်ုပ်၏ကျောင်းဆရာ ရှရီကလျာဏ ဒတ္တဒုဗေသည်လည်း ကဗျာချစ်သူ ကဗျာဆရာဖြစ်နေသည်။

ဟိန္ဒီဘာသာနှင့် ပတ်သက်ပြီး ကျွန်ုပ်အား ရိုးရိုးအဆင့်လောက် သင်ပြပေးပြီးလျှင် ကျွန်ုပ်အတွက် ဟိန္ဒီဖတ်စာအုပ်အဖြစ် ဆရာက 'ရဟိမနဆုတ'ကို စတင်သင်ပြသည်။ ယင်းဖတ်စာသည် 'ရဟိ' ရေးသော ကဗျာများ ပေါင်းစုထားသော စာအုပ်ဖြစ်သည်။ အကျိုး မည်သို့သက်ရောက်မှုရှိလာသနည်းဆိုလျှင် ၇၊ ၈ နှစ်သားအရွယ်က ကျွန်ုပ်သည် ပထမဦးဆုံး ဒိုဟာကဗျာကိုရေးပြီး ဗာဗာကို ဆိုပြသောအခါ ဗာဗာက အလွန် အားရ ဝမ်းသာဖြစ်ပြီး ခွက်ထိုးခွက်လန်လည်း ရယ်သည်။ ဗာဗာ ခွက်ထိုးခွက်လန်ရယ်ခြင်း၏အကြောင်းကို နောက်ပိုင်း နေ့ရက်ပေါင်းများစွာကြာမှ သိရသည်။

ကျွန်ုပ် ပထမဆုံးရေးသော ဒိုဟာကဗျာ၌ ကျွန်ုပ်သည် 'ရဟိ' ဟူသော စကားလုံးကို ထည့်သုံးထားသည်။ ကျောင်းတွင် 'ရဟိဆုမာ'၏ ဒိုဟာကဗျာများကို သင်ရသောအခါ ယင်းဒိုဟာကဗျာများ၌ 'ရဟိမန်း' သို့မဟုတ် 'ရဟိ' စကားလုံးကို ဒိုဟာကဗျာတိုင်း၌ သုံးထားသည်ကို တွေ့ရ၍ ဒိုဟာကဗျာများ၌ ယင်း စကားလုံးကို မထည့်လျှင် မဖြစ်ဟူ၍ ယင်မှတ်သွားသည် နောက်ပိုင်းကျမှ သိရသည်မှာ ဗာဗာ

mgyee.com

mgyoe.com

ခွက်ထိုးခွက်လန် ရယ်ခြင်းမှာ သူငယ်နှပ်စားအရွယ် ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ကြာသောအခါ သူ၏ဗာဗာကို သတိရသည့်အနေဖြင့် ဒိုဟာကဗျာပေါင်းစု ရေးသား စီကုံးရာ၌ သူ၏ဒိုဟာ ကဗျာတိုင်း၌ 'ဗာဗာ' ဟူသော စကားလုံးကို သုံးလိမ့်မည်ဟူ၍ သိသည့်အတွက်ကြောင့်ဖြစ်သည်။

မန္တလေးမြို့မှ ၁၀ မိုင်လောက်ဝေးသော တံခွန်တိုင်ရွာ၌ 'ဂေါသာလာ' တစ်ခု ရှိသည်။ ယင်း 'ဂေါသာလာ' ၌ နှစ်စဉ်နှစ်တိုင်း 'ဂေါပါဋ္ဌမိ' ပွဲတော် ကျင်းပလေ့ရှိသည်။ ဗာဗာသည် ကျွန်ုပ်တို့ ကလေးအားလုံးကို ယင်းပွဲတော်သို့ ခေါ်သွားတတ်သည်။ ကျွန်ုပ်တို့သည် ကလေးသဘာဝ ယင်းပွဲတော်၌ ပျော်ချင်တိုင်း ပျော်ကြသည်။ ယင်း ပွဲတော်၌ ညနေချမ်းအချိန်တွင် စည်းဝေးသဘင်တစ်ခု ကျင်းပပြုလုပ်သည်။ ယင်း စည်းဝေးပွဲသဘင်၌ လူအတော်များများ မိန့်ခွန်းပြောကြသည်။ ဗာဗာလည်း ယင်း စည်းဝေးပွဲသဘင်ကို စိတ်ဝင်စားသည်။ တစ်ချိန်က ဆရာဒူဗေသည် ကျွန်ုပ်အတွက် စာရွက် ၇၊ ၈ ရွက်ရှိသော မိန့်ခွန်းရေးသားပြီး ယင်း စည်းဝေးပွဲသဘင်၌ ဖတ်ပြဖို့ စီစဉ်သည်။ ဗာဗာက ဖတ်ပြရုံ ဖတ်ပြခြင်းသည် ထိရောက်မှုမရှိသည်ဖြစ်၍ အရ ကျက် ပြီး မိန့်ခွန်းပြောသည့်အနေဖြင့်ပြောပြလျှင် ပိုပြီး စိတ်ဝင်စားမှုရှိလိမ့်မည်ဟူ၍ အကြောင်း ပြပြီး ကျွန်ုပ်ကို မိန့်ခွန်း အရ ကျက်ခိုင်းသည်။ စည်းဝေးသဘင်၌ မိန့်ခွန်းကို ဖတ်မပြဘဲ အလွတ် ပြောသောအခါ ဗာဗာသည် အထူးကျေနပ်အားရသွားသည်။ ယင်းအစီအစဉ် သည် အနာဂတ်အတွက် သင်တန်းပေးခြင်းဖြစ်သည်ဟူ၍ ထင်မှတ်သွားကြသည်။

နေ့လယ်စာကို ၁၂ – ၁ နာရီနှင့် ညစာကို ၇ – ၈ နာရီ၌ စားသော မြန်မာ လူမျိုးတို့၏ ဓလေ့ထုံးစံကို အလွန်နှစ်သက်သည်ဖြစ်၍ ဗာဗာသည် နေ့စဉ်နေ့တိုင်းလိုပင် နံနက်စာကို ၁၀ နာရီ၌လည်းကောင်း၊ ညစာကို ညနေ ၅ နာရီ၌လည်းကောင်း စားသည်။ ထမင်းချက်ပြုတ်သော သူ၏ချွေးမများသည် ဗာဗာ၏အလိုကျအချိန်၌ ထမင်း ပြင်ကျွေးသည်။ စခန်းများ၌ ယင်းနည်းအတိုင်း ထမင်းကျွေးခြင်းသည် ကျန်းမာရေးအတွက် မည်မျှအကျိုးရှိသည် ဆိုသည်ကို တွေ့မြင်သိရှိရသည်။ တစ်ခါ တစ်ရံ နောက်ကျပြီးမှ ညစာစားလျှင် ကျန်းမာရေးအတွက် မည်မျှ အကျိုးဆုတ်ယုတ် နိုင်သည်ကိုလည်း သိကြသည်။

ဗာဗာအား ပူဇော်ဝတ်ပြုသည်ကိုလည်းကောင်း၊ တရားဂီတ ရွတ်ဖတ် သရဇ္ဈာယ်နေသည်ကိုလည်းကောင်း မည်သည့်အခါမှ မတွေ့ရပေ။ မြို့ထဲတွင် ဆတျ နာရာယန်းဘုရားကျောင်း ရှိသည်။ သို့သော်လည်း ဗာဗာအား ဆတျနာရာယန်း ဘုရားကျောင်း သွားသည်ကိုလည်း မတွေ့ရပေ။ ဘာသာရေး ပွဲလမ်းသဘင်များ ကျင်းပသောအခါ၌လည်း ဗာဗာကို မတွေ့ရပေ။ ဗာဗာ၏သမီးတစ်ယောက်ရှိသည်။

mgyoe.com

mgyee.com

ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်သွားပြီး သားသမီးတစ်ယောက်မှမရှိသည့် ကျွန်ုပ်တို့ အရီးကျုံ ဒါဗာအီသည် ကျွန်ုပ်တို့ကလေးများကို အလွန်ချစ်သည်။ သို့သော်လည်း တစ်ခါတစ်ရံ ဗာဗာနှင့်ပတ်သက်ပြီး အနှောင့်အယှက်ပေးသောအခါ၌ အရီးသည် ကျွန်ုပ်တို့ကလေးများကို အကြီးအကျယ် ဆူပူကြိမ်းမောင်းသည်။

သို့သော်လည်း ဗာဗာက ပြုံးပြီး အရီး ကြိမ်းမောင်းသော စကားကို ပေါ့ပျက်ပျက်ဖြစ်သွားအောင် လုပ်သည်။ ဗာဗာသည် ကျွန်ုပ်တို့ ကလေးများကို မန္တလေးမှ ၄၊ ၅ မိုင် ဝေးသော မဟာမုနိဘုရား ခေါ်သွားပြီး မဟာမုနိ ဘုရား တန်ဆောင်းထဲတွင် အချိန်အတန်ကြာမျှ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ထိုင်နေသည်။ ဘာဝနာပွားပြီး ထိုင်နေသလား သို့မဟုတ် တမင်သက်သက် ထိုင်နေသလားဆိုသည်ကို ပြောမပြတတ်ပေ။ ကျွန်ုပ်တို့နိုင်ငံရှိ ဘုရားကျောင်းများ၌ မည်မျှသန့်ရှင်းမှု ကင်းမဲ့နေပြီး မည်မျှ ဆူဆူညံညံ အသံများ ပေါ်နေသနည်းဆိုလျှင် သန့်ရှင်းမှုနှင့် ငြိမ်းချမ်းမှု ရှာ၍ မရအောင် ဖြစ်နေသည်။ သို့သော်လည်း မဟာမြတ်မုနိ ဘုရားရောက်သွားသော အခါ ဘုရားတန်ဆောင်းအတွင်း၌ရှိနေသော သန့်ပြန့်မှုနှင့် ငြိမ်းချမ်းမှုကို တွေ့ရသည် ဖြစ်၍ ဗာဗာသည် အကြီးအကျယ် နှစ်ထောင်းအားရ ဖြစ်သွားသည်။

ဗာဗာသည် မန္တလေးနန်းမြို့အတွင်းရှိ မြန်မာဘုရင်များ၏ ရှေးဟောင်း နန်းတော်ကို မကြာခဏ ကလေးများကို ခေါ်သွားပြီး ပြသည်။ နန်းတော်အတွင်းရှိ ညီလာခံ ခန်းမဆောင်၊ ဘုရင့်စံနန်းဆောင်၊ မိန်းမဆောင် စသည်တို့နှင့်ပတ်သက်သော အကြောင်းများကို အသေးစိတ် ရှင်းလင်းပြောပြသည်။ ထို့နောက် နန်းတော်နှင့် မနီးမဝေး၌ပေါက်နေသော ညောင်ပင်တစ်ပင်ရင်းကို မပျက်မကွက်သွားပြီး ညောင်ပင် ရင်း၌ အချိန် အတန်ကြာမျှ နားနားနေနေ ထိုင်နေသည်။ ကျွန်ုပ် သတိရနေသည်။ ထိုနေရာ၌လည်း မဟာမြတ်မုနိဘုရား၌တွေ့ရသော ငြိမ်းချမ်းမှုကို တွေ့မြင်နေရသည်။ ယင်းညောင်ပင်၏အရိပ်သည် ကျွန်ုပ်ကို မည်မျှဆွဲဆောင်သနည်းဆိုလျှင် မက်ထရစ် စာမေးပွဲ မကျင်းပမီ ကျောင်းစာများကို ၁၀ ရက်လောက် မိမိဘာသာ မိမိ လေ့လာခွင့် ရရှိသောအခါ ထိုနေရာသို့ ကျွန်ုပ် သွားပြီး စာကျက်လေ့ရှိသည်။ နေ့စဉ်နေ့တိုင်း နံနက် ဆိုင်ကယ်တွင် ထမင်းချိုင့်နှင့် စာအုပ်များကိုတင်လျက် နန်းတော်ထဲက ညောင် ပင်အထိ သွားပြီးလျှင် ညောင်ပင်ရင်း၌ စာဖတ်ပြီး ညနေကျမှ အိမ်ပြန်လာသည်။ ယင်းအခြေအနေ၏ ငြိမ်းချမ်းမှုအပြည့်ရှိသော ဩဇာအရှိန်အဝါသည် ကျွန်ုပ်၏နှလုံး သားတွင် အရိပ်ထိုးနေသည်။

ယင်းသို့အားဖြင့် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကပင် ကျွန်ုပ်၏ စိတ် နှလုံးထဲတွင် ဗာဗာ စိုက်ပျိုးထားသော စာပေချစ်စိတ်နှင့် ဓမ္မစစ်ဓမ္မမှန် မျိုးစေ့သည်

mgyee.com

အချိန်ကြာသွားသောအခါ အကြီးအကျယ် စည်ပင်ဖွံ့ထွားလာသည်။

မြန်မာနိုင်ငံ၌ ဗာဗာ လာပြီး အခြေချသည့်အတွက်ကြောင့်သာ ဤ မဂ်လာ ရှိသောတိုင်းပြည်၌ ကျွန်ုပ် မွေးဖွားလာရခြင်းဖြစ်သည်။ ကုန်စည်ကူသန်းမှုအလုပ်ကို မည်သည့်တိုင်းပြည်၌မဆို လုပ်၍ရသည်။ သို့သော်လည်း ဤတိုင်းပြည်တွင် မွေးဖွား လာရသည့်အတွက် သူတော်စင် ဆရာကြီး ဦးဘခင်နှင့်တွေ့ပြီး ဓမ္မစစ် ဓမ္မမှန် အဖိုးထိုက် အဖိုးတန် ရတနာတို့ကို ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းရတနာသည် ကျွန်ုပ်အား ဓမ္မနှင့် ပတ်သက်သော ကြွယ်ဝသူတစ်ယောက်အဖြစ် ဖန်တီးပေးသည်။ ဗာဗာသည် ကျွန်ုပ် အပေါ်တွင် ဤ၍ဤမျှ ကျေးဇူးကြီးမားသူတစ်ယောက် ဖြစ်သည်။ ဗာဗာကို သတိရသည့်အနေဖြင့် အကြိမ် ၁၀၀ ရှိခိုးဦးခိုက်လိုက်ပါသည်။

❑

mgyoe.com

mgyoe.com

# ညီအစ်ကို

မင်းက ငါ့ထက် တစ်နှစ်စောပြီး မွေးသည်။ မင်း ၉ လ လျောင်းစက်ခဲ့တဲ့ မိခင်၏ ဝမ်းဗိုက်ထဲမှာပဲ ငါလည်း လျောင်းစက်ပြီး မွေးလာခဲ့သည်။ ထိုမျှလောက်သာ ကွာခြားသော အချိန်ကာလ နောက်ပိုင်းမှ မင်းနောက်မှာ မွေးဖွားပြီး ငါ မိခင်၏ ချစ်ခင်ယုယမှုနှင့်ပတ်သက်ပြီး မင်းထံမှ အစိတ်အပိုင်း တော်တော်များများ လုယူခဲ့သည်။ ယင်းသို့ပြုလုပ်သည့်အတွက် မင်း စိတ်ကောက်သည်ကို မတွေ့ရပေ။ သာမန် ရိုးရိုး ကလေးသူငယ်များ၏ သဘောထားတစ်ခုရှိသည်။ သူ၏မိခင်ပေါင်ပေါ်မှာ တခြား ကလေး လာရောက်ထိုင်ပြီး သူ့မိခင်၏ နို့စို့လျှင် နို့စို့သော တခြားကလေးကို သူ၏ ပြိုင်ဘက်ဟုသဘောထားပြီး မနာလိုဝန်တိုခြင်း၊ စိတ်ကောက်ခြင်း ဖြစ်ပေါ်တတ်သည်။ သို့သော်လည်း မင်းကတော့ သာမန်ကလေးငယ်များနှင့်မတူသော ထူးခြားသော ကလေးငယ်ဖြစ်သည်။

အသက်အရွယ် ကြီးလာသည့်အခါ၌ မင်း ငါ့ကိုကြည့်ပြီး အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာဖြစ်သည်ဟူ၍ ပြောပြသည်။ ငါ ပုခက်ထဲမှာ အိပ်စက်ပြီး လက်နှင့်ခြေ ကိုးရိုးကားရား ဖြစ်နေသည့်အခါ မင်း ငါ့ကိုကြည့်ပြီး ပြုံးရယ်နေသည်။ ငါ ညာဘက်ခြေထောက်က ခြေချင်းကို ပါးစပ်ထဲ ထည့်သည့်အခါ မင်း ကြည့်ပြီး တခစ်ခစ်နှင့် ရယ်သည်။

ငါတို့ အတော်ကလေး ကြီးပြင်းလာကြသည်။ မင်း အမေ့နို့ကို စိတ်ရှိတိုင်း စို့လို့မရသည့်အတွက် မင်း ကိုယ်ခန္ဓာ ကြုံလှီလာပြီး အားနည်းလာသည်။ မင်း သောက်ရမည့် နို့ကို ငါသောက်ပစ်လိုက်သည့်အတွက် ငါ့ကိုယ်ခန္ဓာက ကြီးထွား

mgyoe.com

သန်မာလာသည်။ ငါတို့ ၆ နှစ်၊ ၇ နှစ် အရွယ်ရောက်လာပြီး မန္တလေးမြို့ရှိ မာရဝါရီ စာသင်ကျောင်းမှာ ကျောင်းသွား တက်ရသည့်အခါ တချို့က ငါတို့နှစ်ယောက်ကို အမြွှာပူးဟု ပြောကြပြီး တချို့က ငါ့ကို အစ်ကိုကြီးဟု ပြောကြသည်။ သို့သော်လည်း ယင်းသို့ ပြောသည့်အတွက် မင်း နည်းနည်းကလေးမှ စိတ်ဆိုးသွားတာ မတွေ့ရပေ။

ကျောင်းဆရာကြီး ပဏ္ဍစ်ကလျာဏဒတ္တဒူဗေသည် ငါတို့ နှစ်ယောက်ကို အကြီးအကျယ် ချစ်ခင်သည်။ စာသင်ကျောင်း၌ အခမ်းအနားတစ်ခု သိုက်သိုက်ဝန်းဝန်း ကျင်းပသည့်အခါ ဆရာဒူဗေက ကလေး အားလုံးအား 'ရာမစရိတ' ရွတ်ဆိုခိုင်းသည်။ ငါတို့နှစ်ယောက်လည်း စိတ်ပါဝင်စားစွာဖြင့် ကလေးအားလုံးနှင့်အတူတကွ သံပြိုင် ကဗျာရွတ်ဆို ကြသည်။ အခမ်းအနားနေ့တစ်နေ့၌ ကျောင်းသားများ၏ မျောက်တပ် စီတန်းလှည့်လည်ရသည်။ ငါ၏ကျောင်းနေဖက်တစ်ယောက်ဖြစ်သော ပုရိသုတ္တမသည် ငါ့ထက် အသက်မကြီးလှပေ။ သို့သော်လည်း အားခွန်ဗလနှင့်ပတ်သက်၍ ပြောရလျှင် ငါတို့ထက် ကြီးမားသန်စွမ်းသည်။

ဆရာဒူဗေက ပုရိသုတ္တမကို ဟနုမာန် အနီရောင်အဝတ် ဝတ်ပေးထားသည်။ ခါး၌ အမြီးရှည်ရှည်တစ်ချောင်း တပ်ထားသည်။ မျက်နှာတွင် ဟနုမာန်မျောက် မျက်နှာဖုံး စွပ်ထားသည်။ လက်ထဲတွင် တင်းပုတ်ကိုင်ထားသည်။ လက်ထဲက ကိုင် ထားသော တင်းပုတ်ကို ဝှေ့ယမ်း၍ မျောက်ယောင် ဆောင်ထားသော ပုရိတ္တမက ခုန် လိုက်ပေါက်လိုက် လုပ်သည်။

ဆရာဒူဗေက ငါတို့နှစ်ယောက်ကို ရာမနှင့် လက္ခဏ အလုပ်ခိုင်းထားသည်။ ငါတို့ နှစ်ယောက်၏ဦးခေါင်းပေါ်တွင် မကိုဋ် ဆောင်းပေးထားသည်။ လက်ထဲတွင် လေးနှင့် မြား ကိုင်ထားပြီး ပုရိသုတ္တမ၏ ပခုံးနှစ်ဖက်တွင် တစ်ဖက်စီ ထိုင်ခိုင်းထား သည်။ ငါတို့နှစ်ယောက်ကို ပခုံးနှစ်ဖက်ပေါ်မှာ ထိုင်ခိုင်းထားပြီး စီတန်းသွားသောအခါ မင်း ထိတ်လန့်ကြောက်ရွံ့သွားသည်။ မင်း ကိုယ့်အတွက် ထိတ်လန့်ကြောက်ရွံ့သွား ခြင်းမဟုတ်ဘဲ ငါ့အတွက် ထိတ်လန့်စိုးရိမ်သွားခြင်းဖြစ်သည်။

ဟနုမာန်သရုပ်ဆောင် ပုရိသုတ္တမသည် စိတ်မြူးထူးတက်ကြွလာပြီး နှစ်ပေ၊ နှစ်ပေခွဲလောက်မြင့်သော အမြင့်ပေါ်မှ အောက်ဘက် ခုန်ချလိုက်သည့်အခါ မင်း ငါ့ကိုဖက်ထားသည်။ တစ်ခါတစ်ခါ မင်း ငိုတောင်ငိုပြီး ဟနုမာန်ကို "ဒါလောက်မြင့်တဲ့ အမြင့်ကို ခုန်မချပါနှင့်" ဟု တောင်းပန်သည်။ "အဲဒီလိုအမြင့်က ခုန်ချလျှင် 'ဆတုအာ' လိမ့်ကျသွားလိမ့်မယ်" ဟု ပြောသည်။ ထိုအချိန်က မင်းက ငါ့ကို 'ဆတုအာ' ဟု ခေါ်ပြီး ငါက မင်းကို 'ဗဗုအာ' ဟု ခေါ်သည်။ တခြားလူများကလည်း ငါတို့ နှစ်ယောက် ကို ယင်းအမည်နှစ်ခုဖြင့် ခေါ်ကြသည်။ "ငါ ဟနုမာန်ကို ဖက်ထားတယ်။ ငါ

mgyoe.com

mgyoe.com

မလိမ့်ကျဘူး။ မစိုးရိမ်ပါနဲ့" ဟု ငါက မင်းကိုပြောရသည်။ သို့သော်လည်း ယင်း ခုန်ပေါက်ပြေးလွှားကစားပွဲ၌ မင်းမျက်နှာကိုကြည့်ရတာ သွေးမရှိသလိုဖြစ်နေသည်။ လိမ့်ကျမသွားအောင် မင်း ငါ့လက်မောင်းကို မကြာခဏ ဆုပ်ကိုင်ထားသည်။

လှည့်လည်ပွဲ ပြီးသွားပြီး ငါတို့နှစ်ယောက်လည်း ဟနုမာန်၏ ပခုံးပေါ်က အောက်ဘက် ဆင်းလာရသည်။ ထိုအခါကျမှပင် မင်း အသက်ရှုနိုင်သည်။ ဒွေဇေဂျီ၏ ယင်းညွှန်ကြားပြသမှုတို့ကြောင့် ထိုအရွယ်ကပင် မင်းစိတ်ထဲတွင် 'ရာမ' စိတ်ဓာတ် မွေးမြူလာပြီး ငါကတော့ ငါ့ကိုယ်ကို 'ဘရတ' အောက်မေ့လိုက် 'လက္ခဏ' အောက်မေ့လိုက် ဖြစ်နေသည်။

အသက်အရွယ် အတော်အတန် ကြီးလာကြသည်။ ညနေအချိန် ကျောင်းလွှတ်သည့်အခါ ငါတို့ အိမ်ပြန်လာကြသည်။ စားစရာ သောက်စရာ အနည်းအကျဉ်း စားပြီး သူငယ်ချင်းများနှင့်အတူ ကစားဖို့အတွက် လမ်းဘက် ထွက်လာသည်။ မင်းက ကိုယ်ခန္ဓာ ကြုံလှီသေးကွေးသည့်အတွက် ကစားတာကို စိတ်မဝင်စားပေ။ မင်း ငါ့ကို တစ်ယောက်တည်း ပစ်ထားနိုင်ပါ့မလား။ ငါတို့ကစားကြသည့်နေရာအနီးရှိ ခုံတစ်ခုံပေါ်မှာ ထိုင်ပြီး ကစားတာကို ကြည့်ရှုနေသည်။

အားကစားဝါသနာကြီးလွန်းသော ငါသည် ကစားရင်းကစားရင်း အချိန်ကြာသွားတတ်သည်ဖြစ်၍ ငါ၏အဝတ်အစားများ မြန်မြန်ညစ်ပြီး မြန်မြန်စုတ်ပြဲသွားသည်။ ငါတို့နှစ်ယောက် ပုံတူ ဆိုက်တူ ဓိုတီနှင့် အင်္ကျီဝတ်ကြသည်။ နံနက်ရေချိုးပြီး ငါတို့နှစ်ယောက် ကိုယ့်အဝတ်အစားကို ကိုယ်တိုင် လျှော်ဖွပ်ကြသည်။ ငါ ရေချိုးပြီးသည့်နောက်မှ မင်းက ရေချိုးပြီး ငါ လျှော်ဖွပ်ထားသည့် ဓိုတီနှင့် အင်္ကျီကို ထပ်လျှော်ဖွပ်ပြီး လုံးဝဖြူစင်သွားအောင် လုပ်ပေးသည်။ မင်းဝတ်သည့် အဝတ်အစားက ငါ့အဝတ်အစားလောက် မညစ်ဘဲ အစုတ်အပြဲလည်း နည်းသည်။ အကြိမ်များစွာ တွေ့ရသည်မှာ နံနက်ချိန် ရေချိုးသွားသည့်အခါ ဖြူစင်နေသည့်အဝတ်ကို ငါ့ကို ပေးဝတ်ပြီး မဆိုစလောက် ညစ်နေသည့် အဝတ်ကို မင်း ဝတ်ဖို့ ယူထားသည်။

ယင်းအလုပ်နှင့်ပတ်သက်ပြီး ငါက ဆန့်ကျင်ကန့်ကွက်သော်လည်း အကျိုးသက်ရောက်မှု မရှိပေ။ အနည်းငယ် စုတ်ပြဲနေသော ငါ့ဓိုတီနှင့် အင်္ကျီကို အမေ့ကို အချုပ်ခိုင်းပြီး မင်းက ဝတ်သည်။ မဆိုစလောက် ညစ်နေသော သို့မဟုတ် စုတ်ပြဲနေသော သို့မဟုတ် အစုတ်ကို ချုပ်ထားသော အဝတ်ကို မင်း ငါ့ကို ပေးမဝတ်ပေ။ ကိုယ့်ညီကလေးနှင့်ပတ်သက်ပြီး ချစ်ခင်မှု၊ စွန့်လွှတ်မှု ပြသည့်နေရာ၌ မင်း စံထားထိုက်သူတစ်ဦး ဖြစ်သည်။

အချိန်အနည်းငယ် ကျော်လွန်လာသည်။ ဆရာ ကလျာဏဒတ္တ ဒွေဇေသည်

mgyoe.com

mgyoe.com

ကျောင်းဆရာအလုပ်က အနားယူပြီး သူ့ဇာတိတိုင်းပြည် ပြန်သွားသည်။ ကျောင်းအုပ်ချုပ်သူများသည် အတန်းနှစ်တန်းအတွက် ဆရာနှစ်ယောက်ခန့်ရသည်။ မင်းအတန်း၌ ခန့်ထားသော ဆရာသည် စိတ်သဘောထား အလွန်နူးညံ့ပြေပြစ်သည်။ သူ၏အသံသည် ချိုသာသည်။ ငါ့အတန်းရောက်လာသော ဆရာကမူ ဆန့်ကျင်ဘက်ဖြစ်သည်။ စိတ်သဘောထား မာဆတ်ဆတ်ဖြစ်သည်။ သူ့အသံကလည်း ချိုချိုသာသာ မရှိပေ။ သူ့နာမည် ရာမနာရာယဏကျောက်ဗေ ဖြစ်သည်။

ဆရာကျောက်ဗေ၏ကိုယ်ခန္ဓာသည် ပုညှက်ညှက်မဟုတ်သော်လည်း သူ၏လက်နှစ်ဖက်မှာ ပုညှက်ညှက်ဖြစ်နေသည်။ တခြားလူများလက်၏ တံတောင်ဆစ်နေရာ၌ သူ၏လက်ဝါး ရှိနေသည်။ သူ၏ကြုံလှီသေးကွေးသောလက်ကို ကြည့်ပြီးလျှင် ငါ့အတန်းက ကျောင်းသားများသည် တခစ်ခစ် ရယ်ကြသည်။ ငါတို့ ကလေးအရွယ်ငယ်စဉ်ကပင် အမေ မိဘများက ငါတို့ကို ဆရာများနှင့်ပတ်သက်ပြီး ရိုသေသမှုပြုကြရန် ဩဝါဒ ပေးထားကြသည်ဖြစ်၍ ငါကတော့ ဆရာကျောက်ဗေကိုကြည့်ပြီး မရယ်ပေ။ မရယ်ရုံမျှသာမက တခြားကျောင်းသားများ ရယ်ကြခြင်းကိုလည်း ငါ မကြိုက်ပေ။ ဆရာကျောက်ဗေနှင့်ပတ်သက်ပြီး ပြက်ရယ်ပြုကြသော ကျောင်းသားများ ဘယ်လိုပညာတတ်လာကြမလဲဟု ငါ တွေးတောစဉ်းစားနေသည်။

ဆရာကျောက်ဗေက ငါ့ကို အလွန်သဘောကျသည်။ သူ့ကို ရယ်စရာအောက်မေ့နေသော ကျောင်းသားများကို ရမယ်ရာပြီး ကြိမ်စာ ကျွေးလေ့ရှိသည်။ ဒူဗေဂျီသည် မည်သည့်အခါမှ ကြိမ်လုံး မကိုင်ပေ။ မင်းအတန်းက ဆရာလည်း ကြိမ်လုံးကိုင်သည်ကို မတွေ့ရပေ။ သို့သော်လည်း လက်သိမ်နေသည့်အတွက် ဆရာကျောက်ဗေသည် ကြိမ်လုံးကိုင်သည်။ စိတ်ခက်ထန်သည့်အတွက်ကြောင့်လည်း ကြိမ်လုံး၏အကူအညီ ယူသည်။ ထို့ကြောင့် အချိန်မကြာခင် အတောအတွင်း၌ပင် ကျောင်းသား သူငယ်များက သူ၏ကြောက်စရာဆရာတစ်ယောက်အဖြစ် ထင်မှတ်ယူဆလာကြသည်။

❑

mgyoe.com

mgyoe.com

# ဦးချန်ထွန်း၏ကျေးဇူး

မြတ်စွာဘုရားထံ အနီးကပ်ရောက်မသွားခင် သာရိပုတြာသည် ပဉ္စဝဂ္ဂီ ငါးပါးထဲက အဿဇိမထေရ်နှင့် တွေ့ဆုံရသည်။ ထိုအချိန်က သာရိပုတြာသည် အဿဇိမထေရ်ထံမှ ပထမဦးဆုံး ညွှန်ပြပြောဆိုသော ဓမ္မဂါထာကို ကြားသိရသည်။ ယင်းဓမ္မဂါထာမှာ

"ယေဓမ္မာဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ၊

တေသံစယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော"

အဿဇိမထေရ်ထံမှ ယင်းဓမ္မဂါထာ ကြားရသည်နှင့် သာရိပုတြာသည် အနိစ္စသဘောတရားကို သိမြင်သဘောပေါက်သွားပြီးလျှင် သောတာပန်အဆင့် ရောက်ရှိသွားသည်။ အဿဇိမထေရ်၏ ညွှန်ကြားချက်အရ သာရိပုတြာသည် ဘုရားရှင်ကိုယ်တော်မြတ်ထံ ဆည်းကပ်ရောက်ရှိသွားသည်။

အလွန်တရာ ထူးခြားကြီးကျယ်သော ဓမ္မသေနာပတိဘွဲ့ထူးဂုဏ်ထူးကြီးကို ရရှိသွားသော် လည်း သာရိပုတြာမထေရ်သည် အဿဇိမထေရ်၏ကျေးဇူးဥပကာရကို မည်သည့် အခါမှ မေ့မသွားဘဲ အမြဲတစေ အဿဇိမထေရ်အား ရှိခိုးဦးခိုက်နေရသည်။

ရဟန္တာ ပုဂ္ဂိုလ်မြတ်များနှင့် မနှိုင်းယှဉ် မနှိုင်းအပ်သော်လည်း ကျေးဇူးဥပကာရ တင်ရာ၌ သဘောတူညီမှုရှိနေသည့်အတွက် ကျွန်ုပ်သည်လည်း မြန်မာနိုင်ငံ တရားဥပဒေနှင့် ပတ်သက်ပြီး အမြင့်ဆုံးရာထူးဖြစ်သော တရားဝန်ကြီးချုပ် (အငြိမ်းစား) ဦးချန်ထွန်း၏ကျေးဇူးဥပကာရကို မည်သည့်အခါမှ မေ့ပျောက်မသွားပေ။ ဦးချန်ထွန်း၏ ညွှန်ကြားချက်အရသာ ကျွန်ုပ် ဆရာကြီး ဦးဘခင်ထံ ရောက်ရှိသွားပြီး ကောင်းကျိုး

mgyoe.com

mgyoe.com

ပေးသော လွတ်မြောက်မှုလမ်းစဉ်ကို ရောက်ရှိခြင်းဖြစ်သည်။

ဦးချန်ထွန်း မြန်မာနိုင်ငံ၏ ရှေ့နေချုပ်ဖြစ်စဉ်ကပင် ကျွန်ုပ် ဦးချန်ထွန်းနှင့် အကျွမ်းတဝင်ဖြစ်ခဲ့သည်။ ယင်းအကျွမ်းဝင်မှုသည် တဖြည်းဖြည်း တစ်ခဲနက် အသွင် ရောက်အောင် ပြောင်းလဲလာသည်။ တရားလွှတ်တော် တရားဝန်ကြီး ဖြစ်လာသော အခါ ဦးချန်ထွန်းသည် ဗုဒ္ဓသာသနာကောင်စီ၏ အကျိုးဆောင်ချုပ်ဖြစ်လာပြီးလျှင် 'ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ချုပ်' ၏ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူရသည်။ ဦးချန်ထွန်း ဗုဒ္ဓသာသနာကောင်စီ၏အကျိုးဆောင်ချုပ်အဖြစ် ဆောင်ရွက်နေစဉ် အတောအတွင်း၌ပင် သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာပွဲကြီးကို ထမြောက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထို အချိန်က ကျွန်ုပ်သည် ဦးချန်ထွန်းနှင့်အတူ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မဆိုစလောက် အကျိုးဆောင်ခွင့် ရရှိခဲ့သည်။ ထင်ရှားကျော်ကြားသော ရဟန်းသံဃာတော်များနှင့် တွေ့ဆုံနီးစပ်ခွင့် ရရှိခြင်းသည်လည်း ထိုအချိန်ကပင် ဖြစ်သည်။ ဗုဒ္ဓတရားဒေသနာတော် စတင်ကြားနာရခြင်းသည်လည်း ထိုအချိန်ကပင် ဖြစ်သည်။

ထိုအချိန်ကပင် ကျွန်ုပ်သည် ခံရပ်နိုင်ဖွယ်မရှိသော မိုက်ဂရင်းရောဂါ ခံစား နေရသည်။ ၁၅ ရက်တစ်ကြိမ် မိုက်ဂရင်းရောဂါ အရှိန်တက်လာသည်ဖြစ်၍ မည်သည့် ဆေးမှ မတိုးသည့်အခြေအနေ ရောက်ရှိနေသည်။ ဆရာဝန်များသည် ကျွန်ုပ်၏ရောဂါ အတွက် မာဖီးယား ဆေးထိုးစပြုလုပ်လာကြသည်။ မြန်မာနိုင်ငံရှိ နာမည်ကျော် ဆရာ ဝန်ကြီးများထံ ချဉ်းကပ်သော်လည်း ကျွန်ုပ်၏ရောဂါကို မည်သည့်ဆရာဝန်မှ ကုမပေး နိုင်ကြပေ။ မြန်မာနိုင်ငံ၌ ကျွန်ုပ်ရောဂါအတွက် မျှော်လင့်ချက်မရှိသောအခါ နိုင်ငံခြား တိုင်းပြည်များသို့သွားပြီး ရောဂါကုဖို့ ဆုံးဖြတ်လိုက်သည်။

ဆွစ်ဇာလန်၊ ဂျာမဏီ၊ အင်္ဂလန်၊ အမေရိကန်၊ ဂျပန် သွားသည်။ ယင်းနိုင်ငံ အားလုံးက မြန်မာသံရုံးများ၌ ဦးချန်ထွန်း၏ မိတ်ဆွေ တစ်ယောက်မဟုတ် တစ် ယောက် ရှိနေသည်။ ဦးချန်ထွန်း၏ မိတ်ဆွေများထဲက အချို့မှာ သံအမတ် (သို့မ ဟုတ်) ပထမအတွင်းဝန် (သို့မဟုတ်) စစ်ဘက်ဆိုင်ရာ အတွင်းဝန် ဖြစ်နေကြသည်။ ယင်းပုဂ္ဂိုလ်များထံပေးသော မိတ်ဆက်စာ ကျွန်ုပ် ရရှိသွားသည်။ ဦးချန်ထွန်းသည် ကျွန်ုပ်၏ရောဂါနှင့်ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြမှု ရှိနေသည်။ သူ၏မိတ်ဆွေများက ကျွန်ုပ်အား အကြီးအကျယ် ကူညီကြသည်။ တော်ပေ့ဆိုသည့် ဆရာဝန်ကြီးများနှင့် တွေ့ပေးသည်။

နိုင်ငံခြားတိုင်းပြည်များ၌ ကုသပြီး မြန်မာနိုင်ငံပြန်လာသည့်အခါ၌လည်း ကျွန်ုပ်၏ရောဂါသည် သက်သာပျောက်ကင်းလာသည်ကို မတွေ့ရပေ။ မိုက်ဂရင်းရောဂါ မပျောက်ရုံမျှသာမကဘဲ မာဖီးယား ရပ်၍ မရသည့် အခြေအနေအတိုင်းပင် ရှိနေသည်။

mgyoe.com

mgyoe.com

မည်သည့်ဆေးမှ အာနိသင်မပြဖြစ်နေသည်။

အကြီးအကျယ်စိတ်ပျက်နေသည်။ ထိုအချိန်၌မိတ်ဆွေ ဦးချန်ထွန်းက အကြံဉာဏ်ပေးသည်။

ဆရာကြီး ဦးဘခင်ထံသွားပြီး ဆရာကြီးဦးဘခင်၏ ၁၀ ရက် တရားစခန်းမှာ တရားထိုင်ကြည့်စမ်းပါ။ အမှန်မုချ ကျေးဇူးရှိလာတာ တွေ့ရလိမ့်မယ်။ ရှင်တော်မြတ်ဘုရားက ဘဝပေါင်းများစွာက ရှိလာခဲ့တဲ့ ဒုက္ခများက ကင်းလွတ်ရာကင်းလွတ်ကြောင်း နည်းလမ်းပေးထားတယ်။ အဲဒီနည်းလမ်းပေါ်မှာ လျှောက်ကြည့်စမ်းပါ။ ကိုယ်ခန္ဓာနှင့်ပတ်သက်တဲ့ ကာယိက ဒုက္ခက လွတ်မြောက်ကင်းငြိမ်းသွားတာကို တွေ့ရပါလိမ့်မယ်"

နောက်ပိုင်းဖြစ်လာသော အဖြစ်အပျက်သည် ကျွန်ုပ်၏ဘဝ၌ လမ်းသစ် တစ်လမ်းသို့ ချိုးကွေ့လိုက်ခြင်းဖြစ်သည်။ မည်မျှရှင်လန်းချမ်းမြေ့ဖွယ် လမ်းကွေ့ ဖြစ်သနည်း။ မည်မျှကောင်းကျိုးပေးသော လမ်းကွေ့ဖြစ်သနည်း။ မိုက်ဂရင်း ခေါင်းခဲဝေဒနာ ကျိန်စာသည် ကျွန်ုပ်အတွက် မင်္ဂလာရှိသော ဆုထူးလာဘ်ထူး ဖြစ်လာသည်။

မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းရခြင်းသည် ကောင်းကျိုးပြုသည်ကို တွေ့ရသည်။ မိတ်ကောင်းဆွေကောင်းသည် ကျွန်ုပ်အား ဓမ္မလမ်းကြောင်းပေါ်၌ လျှောက်သွားဖို့အတွက် လှုံ့ဆော်အားပေးသူဖြစ်လာသည်။ ယင်းအမြင်မျိုးဖြင့် ကြည့်လျှင် ဦးချန်ထွန်းသည် ကျွန်ုပ်၏ မိတ်ကောင်းဆွေကောင်းဖြစ်သည်။ ကျွန်ုပ်အပေါ်တွင် သစ္စာရှိသော မိတ်ဆွေဖြစ်သည်။ ဦးချန်ထွန်း၏ ကျေးဇူးဥပကာရကို ကျွန်ုပ် ဘယ်မှာ မေ့နိုင်ပါမည်နည်း။ ဓမ္မဒူတ၊ ဓမ္မတမန်တော်ခရီး ပါရမီဖြည့်ရာ၌ ဦးချန်ထွန်းကဲ့သို့သော ပါရမီဖြည့်ဘက် ရရှိသည်ဖြစ်၍ ကျွန်ုပ် အခါခပ်သိမ်း အကြီးအကျယ်ဝမ်းမြောက်ကျေနပ်ခြင်းဖြစ်ရသည်။

❑

mgyoe.com

mgyoe.com

# ဆရာ့ခြေရင်း

ဆရာကြီး၏ခြေတော်ရင်းသို့ ကျွန်ုပ် ရောက်ရှိသွားသည်။ ဆရာကြီးက ကျွန်ုပ်ကို ပြောပြသည်။ မြတ်စွာဘုရား၏ ဤကောင်းကျိုးပြုတတ်သော လမ်းစဉ်သည် ဘဝပေါင်းများစွာက ရှိလာခဲ့သော ဒုက္ခများမှလွတ်မြောက်မှု ရရှိရေးအတွက်ဖြစ်သည်။ ခေါင်းခဲခြင်းလိုကာယိက ဒုက္ခကုစားရန်အတွက် အသုံးပြုရမည့် လမ်းစဉ်မဟုတ်ပေ။ ဥပစာအကျိုးအသွင်သဘောမျိုးတစ်ခုအနေနှင့် မိမိ ခံစားနေရသော ရောဂါဝေဒနာမှ လွတ်မြောက်ကင်းငြိမ်းခြင်း ဖြစ်သွားချင်ဖြစ်သွားနိုင်သည်။ သို့သော်လည်း ယင်း ရည်မှန်းချက်သည် ဘာဝနာ၏အဓိကရည်မှန်းချက် မဖြစ်သင့်ပေ။ ဆရာကြီး၏ ရှင်းလင်းပြောပြချက်ကို ကျွန်ုပ်နားလည်သဘောပေါက်သွားသည်။ ခေါင်းခဲဝေဒနာကုစားခြင်းကို ဘေးဖယ်ထားလိုက်ပြီး စိတ်နှလုံးသန့်စင်ရေးကို ဘာဝနာ၏အဓိကရည်မှန်းချက်အဖြစ် သတ်မှတ်ပြီးလျှင် ဆရာကြီး၏ ၁၀ ရက် တရားစခန်း၌ တရားထိုင်ပြီး အာရုံစူးစိုက်စွာဖြင့် အလုပ်လုပ်နေသည်။

ပထမတစ်ရက် အဆင်ပြေပြေနှင့် ကုန်ဆုံးကျော်လွန်လာခဲ့သည်။ ဒုတိယနေ့ ရောက်လာသောအခါ အခက်အခဲ အကြီးအကျယ်တွေ့ရသည်။ ယင်းအခက်အခဲသည် ကျွန်ုပ်အား တရားစခန်းမှ ထွက်ပြေးသွားဖို့ လှုံ့ဆော်နေသည်။ ထိုအချိန်က တရားစခန်း၌ အာနာပါနပွားများ အားထုတ်သည့် ပထမ ၃ ရက်အတွင်း ယောဂီများအား အချင်းချင်း စကားပြောခွင့်ပေးထားသည်။ အားလပ်သည့်အချိန်၌ တစ်ယောက်နှင့် တစ်ယောက် မိမိတို့၏အတွေ့အကြုံနှင့်ပတ်သက်ပြီး ယောဂီများသည် အချင်းချင်း

mgyoe.com

ဆွေးနွေးကြလေ့ရှိကြသည်။ ယောဂီတစ်ဦးထံမှ သူ တရားထိုင်နေစဉ် အတောအတွင်း မှောင်မိုက်နေသည့် တရားဂူအတွင်း၌ မည်သို့မည်ပုံ အလင်းရောင် တွေ့ရသည် ဆိုသည့် အကြောင်း ပြောပြသည်ကို ကြားသိရသည်နှင့် ကျွန်ုပ်အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ ပထမနေ့ တရားထိုင်ရသည်မှာ အလွန်တရာ အဆင်ပြေသည့်အတွက် လေဝင် လေထွက်အပေါ် အာရုံစူးစိုက်နေခဲ့သည်။ နှာသီးဖျား အပေါက် နှစ်ပေါက်တွင် ဝင်လာသော ထွက်သွားသော ထွက်လေ၊ ဝင်လေ ထိတွေ့ခံစားမှုကို ပြတ်ပြတ်သားသား သိနေသည်။ သို့သော်လည်း မိမိ၏မိရိုးဖလာအစဉ်အလာအရ ဘာဝနာပွားများအားထုတ်ရာ၌ အပြီးသတ် ရည်မှန်းချက်ဖြစ်သော အလင်းရောင်ကို တွေ့မြင်ကြရသည်။ ယင်းအလင်းရောင်ကို 'ဒိဗ္ဗဇောတိ' ဘုရားပေး အလင်းရောင် မြင်ရခြင်းဟု ခေါ်ချင်လည်း ခေါ်၍ ရသည်။ တခြားအမည်တပ်၍ ခေါ်ချင်လည်းရသည်။ မည်သို့ခေါ်ခေါ် ယင်းအလင်းရောင် တွေ့မြင်ရခြင်းသည် ဘာဝနာ၏ နောက်ဆုံးရည်မှန်းချက်ဖြစ်နေသည်။ ထို့ကြောင့် ကျွန်ုပ်သည် စိတ်ဓာတ်ကျနေခြင်း ဖြစ်သည်။ ကျွန်ုပ်၏တရားထိုင်ဖက် ယောဂီသည် 'ဒိဗ္ဗဇောတိ' ကို မြင်တွေ့နေရသော်လည်း ယင်း အလင်းရောင်မျိုးကို ကျွန်ုပ် မတွေ့ရပေ။ ဆရာကြီး ညွှန်ကြားသော အလုပ်သည် တစ်စုံတစ်ခု အကျိုးဖြစ်ထွန်းလာခြင်း မရှိဟု ထင်မှတ်ပြီး 'ဒိဗ္ဗဇောတိ' မြင်တွေ့ဖို့လောက်သာ စိတ်ဇောနေသည်။

ထိုနေ့ နေ့လယ် နေ့ခင်းအချိန်၌ ကျွန်ုပ်၏တရားထိုင်ဖော်ထိုင်ဖက် ယောဂီတစ်ဦးက တရားထိုင်နေချိန်၌ နားထဲဝင်လာသော အသံများကို ကြားနေရသည်ဟူ၍ ပြောပြသည်။ သူကြားနေရသော အသံများမှာ ပင်လယ်လှိုင်းပုတ်သံများလို အသံများဖြစ်သည်ဟူ၍ ပြောသည်။ ယင်းအသံသည် ယောဂီများ ကြားလေ့ကြားထရှိသော 'ဒိဗ္ဗအသံ ဖြစ်သလား ဟူ၍ တွေးမိသည်။ ယင်းသို့တွေးမိသောအခါ မိမိကိုယ်ကို ပြန်ပြီး အထင်သေးမိသည်။ ယင်းကဲ့သို့သော အတွေ့အကြုံမျိုးများမှာ ပါရမီရှိသော ယောဂီများ တွေ့ကြုံရသည့် အတွေ့အကြုံမျိုးသာဖြစ်လိမ့်မည်။ ယင်းကဲ့သို့သော အတွေးမျိုးပေါ်လာသောအခါ ကျွန်ုပ် ဝင်လေထွက်လေ သုံးသပ်မှု ဆက်ပြုလုပ်လိုသည့်စိတ်မရှိတော့ပေ။ တရားထိုင်၍လည်း မရတော့ပေ။ ကျွန်ုပ်၏စိတ်နှလုံးသည် အရှုံးနှင့်ပတ်သက်သည့်အတွေးများ၌သာ နစ်မြုပ်နေသည်။

တစ်နေ့ခင်းလုံး စိတ်ဂနာမငြိမ် ဖြစ်နေသည်။ အတွေးတစ်ခု မကြာခဏ ပေါ်လာသည်။ အနောက်တိုင်းက သူတော်စင်တစ်ပါး ပြောထားသော စကားရှိသည်။ "အပ်ပေါက်ထဲ ကုလားအုပ် ဝင်ထွက်သွားဖို့ လွယ်ကူသော်လည်း နတ်ပြည် တံခါးပေါက်ထဲ ဓနရှင်တစ်ဦး ဝင်သွားနိုင်ဖို့ မလွယ်ကူပေ" ကျွန်ုပ် ဓနရှင်တစ်ဦးဖြစ်နေသည်။ နတ်ပြည် တံခါးပေါက်ထဲ ဝင်ဖို့အတွက် အချည်းနှီး အလဟဿ ကြိုးစားအားထုတ်

mgyee.com

mgyoe.com

နေသည်။ မဖြစ်နိုင်သည့် အလုပ်ဖြစ်သည်။ ကျွန်ုပ်နှင့် တရားထိုင်ဖက် ယောဂီများမှာမူ အောင်မြင်မှု ရရှိသည်မှာ ဓမ္မတာသဘောဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်း ယောဂီအားလုံးသည် လူကောင်းသူကောင်းများ ဖြစ်ကြပြီး စိတ်နှလုံးလည်း ရိုးသား ဖြောင့်မတ်သူများဖြစ်ကြသည်။ အမြဲတစေ ငွေနောက် ပြေးလိုက်နေသည့် ကုန်သည် များတွင် ရှိနေသော မရိုးသားမှုသည် သူတို့၏နှလုံးတွင် ရှိမနေပေ။

ညနေစောင်းလာသည်နှင့် ကျွန်ုပ် ဆုံးဖြတ်ချက် ချလိုက်သည်။ "ငါ ဘာဝနာ အလုပ် လုပ်ထိုက်သည့် ပုဂ္ဂိုလ်တစ်ယောက် လုံးဝမဟုတ်ပေ။ အိမ်ပြန်မှဖြစ်မည်။ ဘာကြောင့် အချိန်ဖြုန်းတီးနေမည်နည်း။" ညနေ ၅ နာရီအချိန် အိမ်မှ ကားလာသည်။ လျှော်ဖွပ်ထားသည့်အဝတ်များနှင့် တခြား လိုအပ်သော ပစ္စည်းများကို ယူလာသည်။ ကျွန်ုပ်ကို ဆရာကြီး သွားခွင့်ပြုလိမ့်မည်မဟုတ်ဟူ၍ ကျွန်ုပ် သိသည်။ သို့သော်လည်း ဖြစ်သည့်နည်းနှင့် ထွက်ပြေးဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။ ရိပ်သာတွင် နေ၍ ဘာလုပ် မည်နည်း။ 'ဒိဗ္ဗစေတိ' ဘုရားပေးသော အလင်းရောင်လည်း မရပေ။ 'ဒိဗ္ဗနာဒ' ဘုရား ပေးသော အသံလည်း မရပေ။

ကျွန်ုပ်နေသောအခန်းထဲသွားပြီး ကျွန်ုပ်ပစ္စည်းများကို သိမ်းဆည်းသည်။ သို့သော်လည်း ကံကောင်းထောက်မသည့် အဖြစ်အပျက်တစ်ခု ဖြစ်လာသည်။ တရား ထိုင်ဖက် အမျိုးသမီးတစ်ဦးသည် ကျွန်ုပ် ဂနာမငြိမ်ဖြစ်နေသည်ကိုတွေ့၍ ကရုဏာ စိတ်ထား တဖွားဖွားပေါ်လာသည်။ ရန်ကုန်တက္ကသိုလ် ပါမောက္ခတစ်ဦးဖြစ်သော သူမ၏အမည်မှာ ဒေါ်မြစိန် ဖြစ်သည်။ ကျွန်ုပ် စိတ်မတည်မငြိမ်ဖြစ်နေသည်ကို ဒေါ်မြစိန် သိရှိသွားသည်ဖြစ်၍ ကျွန်ုပ်အား ကရုဏာစိတ်ဖြင့် အားပေးစကားပြောဖို့ ကျွန်ုပ်ထံ ရောက်လာသည်။ "ကျွန်တော် ရိပ်သာက ထွက်သွားတော့မယ်။ ဘာ့ကြောင့်လဲ ဆို တော့ ကျွန်တော် ဒိဗ္ဗစေတိဘုရားပေးအလင်းရောင်ကိုလည်း မမြင်ရဘူး။ ဒိဗ္ဗနာဒ ဘုရားပေးအသံကိုလည်း မကြားရဘူး"

ဒေါ်မြစိန်က ချစ်ခင်ရင်းနှီးစွာ ပြောပြသည်။ "ရှင် ပထမနေ့ကပဲ ယောဂီ အရေအတွက် အနည်းငယ်မျှသာရရှိတဲ့ နုတ်ခမ်းပေါ်၌ ပေါ်လာသည့် ဝေဒနာကို ပြတ်ပြတ်သားသား ရှုမြင်သုံးသပ်နိုင်ခဲ့တယ်။ ရှင့်တိုးတက်မှုနဲ့ပတ်သက်ပြီး ဆရာကြီး အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်။ ရှင် အခု အလင်းရောင် စတာတွေကို ရေးကြီးခွင်ကျယ်လုပ်ပြီး စိတ်ပျက်နေရတာလဲ။ အဲဒါတွေကို မေ့ပစ်လိုက်ပါ။ ဆရာကြီး ပြောပြတဲ့ ထွက်လေဝင်လေနဲ့ပတ်သက်ပြီး ရှုမြင်သုံးသပ်တဲ့ ဝေဒနာအလုပ်ကိုပဲ အပြည့်အဝ အာရုံစူးစိုက်ပါ။ ရိပ်သာက ထွက်ခွာမသွားဘဲ တစ်ရက်လောက်အလုပ် လုပ်ကြည့်ပါ"

မိမိ အစဉ်အလာ ယုံကြည်လာခဲ့သော အယူအဆများနှင့် လုံးထွေးရစ်ပတ်

mgyoe.com

ဖြစ်နေသော ပုဂ္ဂိုလ်သည် ယထာဘူတဖြစ်သော အမှန်တရားကို ပွားများအားထုတ် နိုင်စွမ်း မရှိပေ။ သို့သော်လည်း ကျွန်ုပ်သည် စေတနာရှင် ပါမောက္ခပြောသောစကားကို လက်ခံပြီး ဒိဗ္ဗစေတိနှင့် ဒိဗ္ဗနာဒ လိုလားချက်များကို တစ်ဖက်တွင်ထားပြီး ဆရာကြီး ညွှန်ကြားပြောပြသော အလုပ်ကို လုပ်သည်။ ဝင်လေထွက်လေနှင့် နှာသီးဖျား၌ ပေါ်လာသော ဝေဒနာကို ရှုမြင်သုံးသပ်သည်။ စိတ်နှလုံးတည်ငြိမ်သွားပြီး အချိန် အနည်းငယ် ကြာသွားသောအခါ မှောင်မိုက်နေသော တရားဂူအတွင်း၌ ကြယ်တစ်လုံး လင်းလက်လာသကဲ့သို့ အလင်းရောင် ပေါ်လာသည်ကို တွေ့မြင်သိရှိရပြီး မကြာမီ အတောအတွင်း၌ပင် ဣန္ဒြေတို့ကို ကျော်လွှားသွားသည့် အတွေ့အကြုံတို့ကို တွေ့မြင် သိရှိရသည်။ ယင်းအတွေ့အကြုံများကို တွေ့ကြုံရရှိဖို့အတွက် ငါ အာသာဆန္ဒ ပြင်းစွာ ဖြစ်ခဲ့သည်။ အာသာဆန္ဒ ပြင်းစွာဖြစ်ခဲ့သည့်အတွက် မိမိရရှိလိုသည်များကို မရရှိခဲ့ခြင်း ဖြစ်ခဲ့သည်။ သို့သော်လည်း ယခုအခါ၌မူ ဝင်လေ ထွက်လေနှင့် ဝေဒနာများကိုသာ အလေးအနက်ထားရမည်ဟူ၍ မြဲမြံသော ဆုံးဖြတ်ချက်ကို ချမှတ်လိုက်သည်။ တခြား မည်သည့်အာရုံကိုမှ စိတ်မဝင်စားတော့ပေ။ ယင်းသို့ပြုလုပ်ရန် ဆရာကြီး ညွှန်ကြား ပြောပြထားသည်။ ထွက်ပြေးမည်ကြံသော ကျွန်ုပ် မပြေးဖြစ်သည်ကို သိရသောအခါ ဆရာကြီး အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားသည်။ စေတနာရှင် အမျိုးသမီး ပါမောက္ခ ဒေါ်မြစိန်သည် ကျွန်ုပ်အတွက် ထာဝရကျေးဇူးရှင်ဖြစ်သွားသည်။ ဒေါ်မြ စိန်သည် ကျွန်ုပ်အတွက် ဘုရားပေးသော ကူညီစောင့်ရှောက်သူဖြစ်လာသည်။ အကယ် ၍ ဒေါ်မြစိန်ကသာ ကျွန်ုပ်ကို ထွက်ပြေးမသွားအောင် တားဆီးပိတ်ပင်ခြင်း မပြုလုပ် လျှင် ကျွန်ုပ်သည် လူ့ဘဝ၏ အဖိုးအထိုက်တန်ဆုံးဖြစ်သော ဓမ္မရတနာနှင့် လွဲသွားပြီး မိမိ မည်သည့်အရာ လက်လွှတ်ဆုံးရှုံးသွားသည်ကိုပင် မသိဘဲ ဖြစ်သွားနိုင်သည်။

ထို့ကြောင့် တရားစခန်းများ၌ ပထမ ၉ ရက်တိတိ တုဏှိဘာဝေ ဆိတ်ဆိတ် နေရမည်ဟူ၍ ကျွန်ုပ်တို့ကို ညွှန်ကြားထားခြင်းဖြစ်သည်။ ယင်းသို့ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်းမရှိမှသာ တစ်ယောက်နှင့် တစ်ယောက်၏အတွေ့အကြုံများကို ကြား ပြီး စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်သွားလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့်ပင် ယောဂီတစ်ဦးဦး ရက်မစေ့ခင် တရားပတ်ကို ထားခဲ့ပြီး ထွက်ပြေးသွားလိုသည့်ဆန္ဒဖြစ်ပေါ်လာမည့် အခါများ၌ ကျွန်ုပ်မိမိ၏အတွေ့အကြုံကို ပြန်လည်သတိရလာသည်။ ယင်း ယောဂီ သည် မည်သည့်အရာ လက်လွှတ်ဆုံးရှုံးသွားသည်ကို ထိုအချိန်၌ သိမြင်မှုမရှိဟူ၍ လည်း စဉ်းစားမိသည်။ တတ်နိုင်သမျှ ချစ်ခင်ရင်းနှီးစွာ ကရုဏာရှေ့ထားလျက် ထို ယောဂီကို ထွက်မသွားအောင် တားမြစ်ပိတ်ပင်ပြီး အလုပ်ဆက်လုပ်ဖို့အတွက် အားပေး အားမြှောက် ပြုလုပ်ရသည်။ ရက်မစေ့ခင် ထွက်မသွားဘဲ ဘာဝနာအလုပ် ဆက်လက်

mgyone.com

mgyoe.com

လုပ်နေလျှင် ဘဝတစ်လျှောက် ရှင်လန်းချမ်းမြေ့မှုပေးမည့် ကြီးမားသော ဓမ္မဘဏ္ဍာတိုက် ရရှိလာလိမ့်မည်။ ယင်းသို့မလုပ်လျှင်မူ ဤရတနာကို ရာသက်ပန် အတွက် လက်လွှတ်ဆုံးရှုံးသွားလိမ့်မည်။ ကျွန်ုပ်၏ညွှန်ကြားချက်ကို လက်ခံပြီး တရားပတ် ရက်စေ့အောင် ဘာဝနာပွားများသည့်အတွက် အကျိုးထူးတရားဖြစ်ပေါ်လာသော ကြောင့် ကျွန်ုပ်ထံလာပြီး ကျေးဇူးဥပကာရ တင်သူများ ရှိကြသည်။

ကျွန်ုပ်လည်း ဒေါ်မြစိန်အား ရာသက်ပန် ကျေးဇူးတင်ရသူ ဖြစ်လာသည်။ ယင်းအဖြစ်အပျက် မဖြစ်ခင်က ကျွန်ုပ်သည် ဒေါ်မြစိန်ကို အမည်နာမမျှလောက်သာ သိရှိသည်။ ဒေါ်မြစိန်သည် မြန်မာနိုင်ငံရှိ ထိပ်တန်းပညာရှင်များထဲတွင် တစ်ဦး တစ်ယောက်ဖြစ်သည်။ နိုင်ငံခြားတက္ကသိုလ်များမှ ဘာသာရပ်အမျိုးမျိုးနှင့်ပတ်သက်ပြီး ချပို့ပေးရန် မကြာခဏ ပင့်ဖိတ်သည်။ ဒေါ်မြစိန် ရေးသော စာအုပ်တစ်အုပ်ကိုပင် စောစောက ဖတ်ဖူးထားသည်။ တရားစခန်း၌တွေ့ပြီးသည့်နောက်ပိုင်းတွင် ဒေါ်မြစိန်နှင့် အနီးကပ် ရင်းနှီးခင်မင်မှုဖြစ်လာသည်။ ဒေါ်မြစိန်သည် ဆရာကြီး၏ ရင်းနှီးခင်မင်မှု ရှိသော ထိပ်တန်းတပည့်မဖြစ်သည်။ ဒေါ်မြစိန်သည် တရားဘာဝနာနှင့် ပတ်သက် ၍လည်း အလွန်မြင့်သော အဆင့်အထိ ရောက်ရှိနေသူဖြစ်သည်။ လေယာဉ်ဖြင့် ခရီး သွားရသည့်အခြေအနေမျိုး မဟုတ်တော့ပေ။ လေယာဉ်နှင့် ခရီးသွားလျှင် အပေါ်တက် သွားသည်လည်း ရှိသည်။ အောက်နိမ့်ဆင်းလာသည်လည်း ရှိသည်။ ဆရာကြီး၏ ညွှန်ကြားချက်အတိုင်း ကျင့်ကြံအားထုတ်လျှင် အထက်အဆင့်တက်သွားပြီး အနိမ့် ပိုင်း ပြန်ကျလာသည်ဟူ၍ မရှိတော့ပေ။ ယောဂီ ဒေါ်မြစိန်သည် ယောဂီပေါင်းများစွာ အတွက် လှုံ့ဆော်အားပေးသူဖြစ်လာသည်။

❑

mgyoe.com

mgyoe.com

# ကတညုတမင်္ဂလာ

ဆယ်စုနှစ်တစ်ခု ပြည့်သွားပြီ။

၁၉၆၉ ခုနှစ် ဇွန်လ ၂၀ ရက်နေ့၌ ဆရာကြီး ဦးဘခင်သည် ဝိပဿနာ အာစရိယအဆင့်အဖြစ် ဂုဏ်ပြုထားသော အလွန်တရာ ကြီးလေးသော တာဝန် ဝတ္တရား ကြီးကို ကျွန်ုပ်၏ဦးခေါင်းပေါ် တင်ပေးသည်။ ထို့နောက် နှစ်ရက်ကြာသောအခါ ကျွန်ုပ် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ ထွက်ခွာသွားသည်။ နတ်ပြည် နတ်လောကသဖွယ် ဂုဏ် သိက္ခာရှိသော ဇာတိနိုင်ငံကို ခွဲခွာခဲ့ပြီးလျှင် ဘုရားအဆူဆူ ပွင့်တော်မူခဲ့သော ပညာ ရှင်ပေါင်းများစွာ၊ သူတော်စင်ပေါင်းများစွာနှင့် မိမိ၏ဘိုးဘွားဘီဘင်များ၏ နိုင်ငံ ဖြစ်သော ဓမ္မနိုင်ငံကို မိမိအနာဂတ်ဘဝ၏ အလုပ်စခန်းနယ်မြေ ပြုလုပ်ရန် ရောက်ရှိ လာသည်။

ဆရာကြီး၏ အလွန်တရာ ထက်သန်အားကောင်းသော ဆန္ဒအရ မြန်မာပြည် အနေနှင့် အိန္ဒိယ၏ ကြွေးမြီ ပြန်ဆပ်ရလိမ့်မည်။ ၂၀ ရာစု၊ ၂၅ ရာစု မတိုင်ခင်က မြန်မာပြည်ရရှိခဲ့သော ကောင်းကျိုးပြုသည့် ဝိပဿနာပညာကို မူလတိုင်းပြည်သို့ ပြန်လည်ပို့ဆောင်ခြင်းသည် တင်ရှိနေသော ကြွေးမြီကို ပြန်ဆပ်ခြင်းဖြစ်သည်။

ယင်းမွန်မြတ်သောအလုပ်ကို ဆရာကြီးသည် ကိုယ်တိုင်လုပ်လိုသော်လည်း အခက်အခဲအမျိုးမျိုးကြောင့် မလုပ်နိုင်ဘဲရှိခဲ့သည်။ ထို့ကြောင့် ဆရာကြီးသည် ယင်း ခက်ခဲသောအလုပ်ကို ကျွန်ုပ်အား လုပ်စေလိုသည့် ဆန္ဒ ရှိနေခြင်းဖြစ်သည်။ သင့်တင့် လျောက်ပတ်သော အချိန်ကို စောင့်စားနေသည်။ အခါအခွင့်တစ်ခု ကြုံလာသည်။

mgyoe.com

 mgyoe.com 

ကျွန်ုပ်၏မိခင်အိုကြီးလည်း မြန်မာနိုင်ငံသားဖြစ်သည်။ သို့သော်လည်း မိခင်အိုကြီးသည် အိန္ဒိယနိုင်ငံသို့ အပြီးအပိုင် ထွက်ခွာသွားသည်။ အိန္ဒိယနိုင်ငံတွင် မိခင်အိုကြီး မမာမကျန်းဖြစ်လာသောအခါ ကျွန်ုပ် အိန္ဒိယသွားဖို့ဖြစ်လာသည်။ မြန်မာအစိုးရက မြန်မာနိုင်ငံမှ ထွက်ခွာသွားခွင့်ပြုပြီး အိန္ဒိယအစိုးရက အိန္ဒိယနိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုသည်။ အစိုးရနှစ်ခုလုံးကို ကျေးဇူးအထူးတင်သည်။ အိန္ဒိယသွားဖို့ရန်အတွက် အဆင်ပြေမှုရှိလာသည့်အတွက် ဆရာကြီး အလွန်တရာ ဝမ်းသာအားရဖြစ်နေသည်။ နှစ်ပေါင်းများစွာ ရှိလာခဲ့သော ဓမ္မနှင့်ပတ်သက်သည့် သူ၏အလိုဆန္ဒပြည့်ဝ အောင်မြင်ရန်အတွက် ကျွန်ုပ်ကို တာဝန်ပေးအပ်သည်။ ဝိပဿနာဆရာတစ်ယောက်အနေနှင့် လိုအပ်ချက်များရှိသည်ကို သိသော်လည်း ဆရာကြီးပေးအပ်သော တာဝန်ကို လက်ခံလိုက်သည်။ ကျွန်ုပ်အနေနှင့်လည်း ဆရာကြီးအပေါ် တင်ရှိနေသော ကြွေးမြီကို ဆပ်ရလိမ့်မည်။ ကရုဏာတရား အပြည့်ရှိသော သူတော်စင်၊ သူတော်မြတ် ဆရာကြီးသည် ကောင်းကျိုးပြုတတ်သော ဝိပဿနာပညာကို သင်ပေးပြီးလျှင် ကျွန်ုပ်အား အဝိဇ္ဇာတည်း ဟူသော ဥခွံကို ခွဲလျက် အတွင်းသန္တာန်ကို သိအောင်လုပ်ပေးပြီး ဘဝသစ်ဖန်တီးပေးသည်။ ဘဝသစ်ကိုသာမက ၁၄ နှစ်တိတိ အပိုင်းအခြားမရှိသော ဖခင်စိတ်ဖြင့် ကျွန်ုပ်ကို ဝိပဿနာပညာ တစ်ဆင့်ပြီးတစ်ဆင့် ကျွမ်းကျင်မှုရှိအောင် ပြုလုပ်ပေးခဲ့သည်။ ဆရာကြီး၏ အလွန်တရာ မြင့်မြတ်သော ယင်းကြွေးမြီကို ပြန်ဆပ်ရလိမ့်မည်။

ယင်းတာဝန်ဝတ္တရားသည် အလွန်ကြီးမားသည်မှာ မှန်သည်။ ယခုခေတ် အိန္ဒိယနိုင်ငံ၌ ဂေါတမဗုဒ္ဓနှင့်ပတ်သက်ပြီး ကြီးမားသော ကြည်ညိုသဒ္ဓါ ဖြစ်ပွားနေကြသော်လည်း လူပေါင်းများစွာတို့၏ စိတ်နှလုံးထဲတွင် ဂေါတမဗုဒ္ဓ၏ ဒေသနာတော်နှင့်ပတ်သက်ပြီး အတော်များများ မှောက်မှောက်မှားမှား ဖြစ်နေကြသည်။ အတော်များများ ဆန့်ကျင်ဘက် ပြုလုပ်နေကြသည်။ ၂၀ ရာစု – ၂၂ ရာစုအထိ ဖြစ်ပွားလာခဲ့သော အထင်မှား အမြင်မှားများနှင့်ပတ်သက်၍လည်းကောင်း၊ ဆန့်ကျင်ဘက်များနှင့် ပတ်သက်၍လည်းကောင်း မည်သူ့ကို အပြစ်ဖို့မည်နည်း။ ကျွန်ုပ်ကိုယ်တိုင်သည်ပင် တစ်ချိန်က ယင်း အမြင်မှား အထင်မှား၏ သားကောင်ဖြစ်ခဲ့သည်။ ယင်း ဆန့်ကျင်ဘက်များနှင့် ပါဝင်ပတ်သက်နေခဲ့သည်။ ဆရာကြီး၏ကျေးဇူးတရားကြောင့် ဓမ္မ၏လက်တွေ့ပိုင်းဆိုင်ရာကို သိမြင်သဘောပေါက်ပြီးသည့်နောက်ကျမှသာ ယင်း အထင်မှားအမြင်မှား အားလုံးပျောက်ကွယ်သွားသည်။ ယင်းဆန့်ကျင်ဘက်အားလုံး တိမ်မြုပ်သွားသည်။ ကောင်းကျိုးပြုတတ်သော စစ်မှန်သည့် ဓမ္မ၏အသွင်အပြင် ထင်ရှားပြတ်သားစွာ ပေါ်လာသည်။

ဗုဒ္ဓသည် ဓမ္မစစ်၊ ဓမ္မမှန် အသွင်အဖြစ် အားလုံးအတွက် လက်တွေ့ အသုံးချ

mgyoe.com

mgyoe.com

၍ ရသော သီလ၊ သမာဓိ၊ ပညာတရားကို ဟောကြားတော်မူသည်။ ဇောဓိဉာဏ် အလင်းရရှိသော မည်သည့် မဟာပုရိသမဆို လက်တွေ့အသုံးချ၍ ရသော သီလ၊ သမာဓိ၊ ပညာတရားကိုသာ ဟောကြားတော်မူသည်။ ဓမ္မသည် ဒဿနအတွေးအခေါ် အယူအဆများလည်း မဟုတ်ပေ။ ဝါဒ၊ ဝိဝါဒ အငြင်းပွားစရာလည်း မဟုတ်ပေ။ ဂိုဏ်းဂဏ၊ ဘာသာတရား တည်ထောင်ဖို့အတွက်လည်း မဟုတ်ပေ။ ဓမ္မသည် မိမိ ကောင်းကျိုးအတွက်သာဖြစ်သည်။ ဓမ္မ၏အားလုံးအတွက် ကောင်းကျိုးပြုသော ယင်း အသွင်ကသာ ကျွန်ုပ်အား ဓမ္မအနီးသို့ ရောက်ရှိလာအောင် ဆွဲဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်ကိုသာမက နားလည်မှုရှိသူပေါင်း များစွာတို့အားလည်း ဆွဲဆောင်ခဲ့သည်။

အားလုံးအတွက်ဖြစ်သော ဓမ္မကို ဟောကြားသော ဗုဒ္ဓသည် ကျေးဇူးကြီး မားတော်မူလှပါပေ၏။ အားလုံးအတွက် အကျိုးပြုသော ဓမ္မသည် ကျေးဇူးကြီးလှပါပေ ၏။ မည်သူမဆို သိအောင် စွမ်းဆောင်နိုင်သော ဓမ္မသည် ကျေးဇူးကြီးမားလှပေ၏။ စိတ်နှလုံးထဲတွင် ကျဉ်းမြောင်းသော ဂိုဏ်းဂဏဆိုင်ရာ၊ ဘာသာတရားဆိုင်ရာ မဖြစ်ပေါ် စေသော ဂိုဏ်းဂဏမဲ့၊ ဘာသာတရားမဲ့ဓမ္မသည် ကျေးဇူးကြီးလှပါပေ၏။ ယင်းဓမ္မ ပေါ်၌ အခြေခံပြီးလျှင် ဝိပဿနာပညာအလေ့အကျင့် သင်ပြ၍ရသည်။ သို့သော်လည်း ပထမအဆင့်၌မူ အခက်အခဲများရှိသည်။

ကြီးမားသော အခက်အခဲတစ်ခုမှာ ကုဋေ ၆၀ လောက် လူဦးရေရှိသော ဤတိုင်းပြည်၌ ကျွန်ုပ်၏ အသိအကျွမ်းအားလုံး စုစုပေါင်းမှ တစ်ရာလောက်ပင် မရှိပေ။ နီးစပ်သူများဟု ပြော၍ရသည့် လူဦးရေမှာမူ လက်ချိုးရေတွက်၍ရသည်။ အနီးစပ်ဆုံး ပုဂ္ဂိုလ်များမှာ မိမိ မိသားစုထဲက အိန္ဒိယနိုင်ငံသားများဖြစ်သည်။ သို့သော်လည်း ယင်းပုဂ္ဂိုလ်များသည် မိမိသင်ပြမည့် ဝိပဿနာပညာနှင့် ဆန့်ကျင်ဘက် အစဉ်အလာ အောက်တွင် ကြီးပြင်းလာကြသူများဖြစ်သည်။ အိန္ဒိယရောက်လာပြီးနောက် မိမိ မိသားစုများ၏ အခြေအနေကို ကြည့်ရသည်မှာ သူတို့ထံမှ တစ်စုံတစ်ခု အကူအညီရဖို့ မျှော်လင့်ခြင်းသည် အချည်းနှီးအလဟဿသာ ဖြစ်သည်ဟူ၍ ထင်ရသည်။ သို့သော် လည်း အကူအညီရသလောက်ရရှိသည်ဖြစ်၍ ယင်းတို့၏ကျေးဇူးကို မေ့၍မရ ဖြစ်နေသည်။

လွန်ခဲ့သော ဆယ်နှစ်ကာလအတောအတွင်း ပြည်တွင်းပြည်ပမှ ရောက်လာ ကြသော ထောင်ပေါင်းများစွာသော လူတို့သည် အမှန်အားဖြင့် ဓမ္မပေါ်၌ အခြေခံပြီး ရောက်လာသူများဖြစ်သည်။ အသိအကျွမ်းမဟုတ်သော လူပေါင်းများစွာတို့သည် ဓမ္မကိုအကြောင်းပြုလျက် မိတ်ဟောင်းဆွေဟောင်းများသဖွယ် ဖြစ်လာကြသည်။ ယင်းတို့ထဲက လူပေါင်းများစွာတို့သည် သူတို့ အတိတ်ကပြုလုပ်ခဲ့သော ကောင်းမှု၏ အကျိုးဆက်အဖြစ် ဓမ္မဗီဇမျှကိုသာ ရယူဖို့အတွက် လာရောက်ကြခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

ထိုပုဂ္ဂိုလ်များသည် အချိန်တန်လာသောအခါ ကောင်းကျိုးပြုသော အသီးအပွင့် ရရှိလာမှာ အမှန်ပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်အားလုံးကို ကျွန်ုပ်အနေနှင့် ထူးထူးခြားခြား ကျေးဇူးတင်ရသည်။ ထိုပုဂ္ဂိုလ်များသည် ကျွန်ုပ်အား ဓမ္မဒါနပေးနိုင်အောင်နှင့် ဆရာကြီးအပေါ် တင်နေသော ကျေးဇူးကြွေးမြီ အထိုက်အလျောက် ကင်းသွားအောင် လုပ်နိုင်ဖို့အတွက် အခွင့်အလမ်းပေးကြသူများဖြစ်သည်။

သို့သော်လည်း ဓမ္မနှင့်နီးစပ်ရာသို့ ရောက်လာသူတချို့လည်း ရှိသည်။ ထိုပုဂ္ဂိုလ်များသည် ကောင်းကျိုးပြုသော လှုပ်ရှားမှု၏ အင်္ဂါအစိတ်အပိုင်း ဖြစ်လာကြသည်။ ထိုပုဂ္ဂိုလ်များသည် ကြီးမားသော အကူအညီကို ပေးကြသည်။

လွန်ခဲ့သော ဆယ်နှစ်ကာလအတွင်း ကြုံတွေ့ရသော အဖြစ်အပျက်များကို ပြန်ပြောင်းကြည့်လိုက်လျှင် ဝိပဿနာစခန်းများ တည်ဆောက်ရေး၌ လူအား၊ ငွေအား၊ စိတ်အားဖြင့် အပြည့်အဝ အကူအညီပေးသူများ၏ မျက်နှာပေါင်းများစွာပေါ်လာသည်။ ယင်းအဖြစ်အပျက်များမှာ ဝိပဿနာနည်းပညာ အလေ့အကျင့် ကျင့်ဖို့ဝေးစွ၊ 'ဝိပဿနာ' ဟူသော စကားလုံးကိုပင် မကြားဘူး မသိဘူးသော အစဦးအချိန်ကာလလောက်က အဖြစ်အပျက်များဖြစ်သည်။ ထိုအချိန်က ဝိပဿနာနည်းနိဿရည်း ပြဖို့ရန်အတွက် ရိပ်သာတစ်ခုမှ မတည်ထောင်ရသေးပေ။ တရားစခန်းအတွက် ဆောင်ရွက်သူများသည် ဓမ္မသာလာတစ်ခုခု၊ စာသင်ကျောင်း ခန်းမတစ်ခုခုကို တရားစခန်းနေရာအတွက် အသုံးပြုကြရသည်။ တရားပတ် ၁၀ ရက်အတွင်း ယောဂီများအတွက် နေစရာနေရာများနှင့် စားစရာ အစားအသောက်များကို စနစ်တကျ စီစဉ်ပေးရသည်။ ယောဂီများထဲက နေထိုင်မကောင်းသူများပါလာလျှင် နေထိုင်မကောင်းသူများအတွက် ဆေးဝါးကုသမှုနှင့် တည့်သည့် အစားအသောက်များကို စီမံပေးရသည်။ တရားပတ် ၁၀ ရက်အတွင်း မိမိတို့လုပ်နေကျ အလုပ်ကို ပစ်ထားခဲ့ပြီး အစစအရာရာ အကူအညီပေးရသည်။ တရားပတ်မတိုင်ခင်ကလည်း ယောဂီများ ဘုတ်ကင်းလုပ်သည့် ကိစ္စများအတွက် နေ့ရက်များစွာ လုပ်အားပေးရသည်။ တရားစခန်း အပြီးသတ်သောအခါ၌လည်း ယောဂီများကိုယ့်နေရာကိုယ်ပြန်ဖို့အတွက် စီစဉ်ပေးရသည်။ နေရာအနှံ့အပြားမှ ရောက်လာသော ယောဂီများ ပြန်ဖို့အတွက် ရထားလက်မှတ် စသည်များ စီစဉ်ပေးရသည်။ ယင်းကဲ့သို့ တရားစခန်းအတွက် အောက်ခြေသိမ်းလုပ်သူများသည် လာဘ်လာဘတစ်ခုခုကိုလည်းကောင်း၊ ကျော်ကြားမှုကိုလည်းကောင်း မျှော်လင့်ချက်မထားကြပေ။ ဓမ္မအရသာကို မြည်းကြည့်ကြသူများသာ ဖြစ်သည်။

ယင်းကဲ့သို့ ဓမ္မအကျိုးဆောင်များ၏ မျက်နှာများကို သတိရသည့်အခါကြက်သီးမွေးညင်းထပြီး ကတညုတ ကတဝေဒီတရား လွှမ်းထုံသွားသလားဟူ၍ မှတ်ထင်

mgyoe.com

mgyoe.com

အောက်မေ့ရသည်။ ယင်းတိုတောင်းသော အချိန်ကာလအတွင်း ပြုလုပ်ရသော အလုပ်များသည် ကိုယ်ကျိုးမဖက် ဓမ္မအကျိုးသက်သက် ဆောင်ရွက်သူများ၏ အကူအညီမပါဘဲ ထမြောက်အောင်မြင်နိုင်ဖို့ အလားအလာမရှိပေ။

ယင်းဓမ္မအကျိုးဆောင်များထဲက တချို့သည် ဆရာကြီးဦးဘခင် အထိမ်းအမှတ်အဖြစ် အီဂတ်ပူရီ၌ ကမ္ဘာ့ဝိပဿနာဌာနကို ဆောက်လုပ်ကြသည်။ ဟိုက်ဒရာဘတ်၌ နိုင်ငံတကာ ဝိပဿနာဌာနကို ဆောက်လုပ်ကြသည်။ ဂျေပူ၌ ဝိပဿနာရိပ်သာဆောက်လုပ်ကြသည်။ ယင်း ဝိပဿနာရိပ်သာများ ဆောက်လုပ်ရာ၌ ယောဂီပေါင်းများစွာ အကူအညီပေးကြသည်။ အကူအညီပေးကြသော ယောဂီများသည် အကူအညီပေးသည့်အတွက် တစ်စုံတစ်ရာ မျှော်လင့်ချက်ထားသူများ မဟုတ်ပေ။ သန့်စင်မွန်မြတ်သော ပရဟိတစိတ်ဓာတ်ဖြင့် ဓမ္မအတွက် ဆောင်ရွက်သူများဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် အလှူဒါနပြုသော်လည်း နာမည်ထင်ပေါ်လိုသောကြောင့် အလှူဒါနပြုသူများမဟုတ်ပေ။ တစ်စုံတစ်ရာကို မျှော်လင့်ချက်ထားပြီး အကူအညီပေးကြခြင်းမဟုတ်ဘဲ စေတနာသန့်သန့်ဖြင့် ဓမ္မအကျိုးအတွက် ဆောင်ရွက်သူများ ဖြစ်ကြသည်။ ယင်းပုဂ္ဂိုလ်များသည် ကျွန်တော့်အတွက် အလွန်တရာ ကျေးဇူးများသူများ ဖြစ်ကြသည်။

ယင်းဓမ္မအကျိုးပြုအလုပ်ကို အိန္ဒိယနိုင်ငံသား ယောဂီများအထိသာ သတ်မှတ်မထားပေ။ နိုင်ငံခြားလုလင်နှင့် လုံမပျိုများလည်း ဓမ္မအကျိုး ဆောင်ရွက်ဖို့ရန်အတွက် သူတို့၏ဘဝကို ပေးလှူထားကြသည်။ ယင်းတို့အထဲက အတော်များများမှာ ဓမ္မဂီရိ၌ ရသေ့ရဟန်းများ အသွင်မျိုးဖြင့်နေပြီး ဓမ္မအကျိုးပြုလုပ်ငန်းများကို ပြုလုပ်နေကြသည်။ လိုအပ်သောအခါများ၌မူ သာမန်အလုပ်ကြမ်းသမားတစ်ယောက်ကဲ့သို့ ချွေးထွက်အောင် လုပ်အားအလှူပေးကြသည်။ ယင်းတို့၏ဓမ္မအကျိုး ဆောင်ရွက်ပုံကို တွေ့ရသော လူအတော်များများသည် ကြက်သီးမွေးညင်း ထပြီးလျှင် နှစ်ထောင်းအားရ ပီတိသောမနဿ အကြီးအကျယ်ဖြစ်ကြရသည်။ အိန္ဒိယနိုင်ငံ၌သာ မဟုတ်ဘဲ ပြည်ပနိုင်ငံများ၌လည်း ယောဂီ အတော်များများသည် ယင်းကဲ့သို့ ဓမ္မအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ နိုင်ငံအတော်များများ၌ ဝိပဿနာနှင့် ဆက်သွယ်မှု ပြုလုပ်ရန် နေရာဌာနများကို ပြုလုပ်ထားသည်။ ယင်းနေရာဌာနများ၌ အချိန်မှန်မှန် ဝိပဿနာတရားအပတ် ပြုလုပ်သည်။ အခါအားလျော်စွာ ဝိပဿနာ တရားစခန်းများကိုလည်း စီစဉ်ပြုလုပ်ကြသည်။ ယင်းပြည်တွင်းပြည်ပ ယောဂီများသည် ကျေးဇူးအထူးတင်ထိုက်သူများ ဖြစ်ကြသည်။ သို့သော်လည်း ယင်းယောဂီများသည် ကျေးဇူးတင်မှုကို လိုလားသူများ မဟုတ်ကြသည်ကို ကျွန်ုပ် သိသည်။

လွန်ခဲ့သည့် ဆယ်နှစ်အချိန်ကာလအတောအတွင်း ရဟန်းတော်များ၏

mgyoe.com

mgyoe.com


ကျောင်းတိုက်များ၌လည်းကောင်း၊ ဂျိန်းဘာသာဝင်များ၏ ကျောင်းတိုက်များ၌ လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များ၏ကျောင်းများ၌လည်းကောင်း မူဆလင်ဘာသာဝင်များ၏ ဗလီများ၌လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားရှိခိုးကျောင်းများ၌လည်းကောင်း တရားစခန်းအကြိမ်ပေါင်းများစွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းသို့ ဖွင့်လှစ်နိုင်ခြင်းမှာ ယင်းဘာသာရေး ဌာနများမှ ဦးဆောင်ဦးရွက်ပြုလုပ်သူများ၏ စေတနာကြောင့်ဖြစ်သည်။ ယင်းပုဂ္ဂိုလ်များသည် ကျဉ်းမြောင်းသော ဘာသာ ရေးအစွဲ၊ ဂိုဏ်းဂဏအစွဲရှိကြမည်ဆိုလျှင် သူတို့၏ဘာသာတရားနှင့်ပတ်သက်သော နေရာဌာနများ၌ ဝိပဿနာတရားစခန်းများ ဖွင့်လှစ်ခွင့် ဘယ်မှာပေးမည်နည်း။ အထူးအားဖြင့် ယင်းဘာသာရေးဆိုင်ရာဌာများ၌ ဝိပဿနာတရားစခန်းဖွင့်လှစ်ချိန်၌ ယင်းတို့၏ ဘာသာရေးဆိုင်ရာ ပြုလုပ်ဆောင်ရွက် ချက်များကို ပိတ်ထားကြရသည်။

မြန်မာနိုင်ငံ၌ ဆရာအစဉ်အဆက် ဆင်းသက်လာခဲ့သော ယင်းဝိပဿနာနည်းနိဿရည်းကို ရဟန်းသံဃာတော်များထဲက တချို့ ကျင့်ကြံအားထုတ်လိုကြသည် ဖြစ်၍ ဆရာကြီး ဦးဘခင်ထံ၌ တရားထိုင်လိုသည့်ဆန္ဒ ရှိကြသည်။ သို့သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ ဝိပဿနာနည်းနိဿရည်း လေ့လာနည်းသင်ယူဖို့ ဆိုသည်မှာ မသင့်လျော်သည့်အခြေအနေမျိုးဖြစ်နေသည်။

သို့သော်လည်း အိန္ဒိယနိုင်ငံ၌မူ လွန်ခဲ့သည့် ဆယ်နှစ်ကာလအတောအတွင်း လူပုဂ္ဂိုလ်များစွာတို့လည်း မိမိတို့၏မာန်မာနကို စွန့်ပယ်ပြီးလျှင် မိမိတို့၏ဂုဏ်သိက္ခာကို မေ့ထားပြီးလျှင် လူပုဂ္ဂိုလ်တရားပြ ဆရာတစ်ဦး၏ထံ၌ ဝိပဿနာ ကျင့်ကြံအားထုတ်နည်းကို သင်ကြားဆည်းပူးကြသည်။ ဗုဒ္ဓဘာသာရဟန်းတော်များသည်လည်းကောင်း၊ ဂျိန်းမုနိများသည်လည်းကောင်း၊ ခရစ်ယာန်ဘုန်းကြီးများသည်လည်းကောင်း၊ ဟိန္ဒူဘုန်းကြီးများသည်လည်းကောင်း၊ လူဝတ်ကြောင်တစ်ဦး၏ထံ၌ ဝိပဿနာကျင့်ကြံ အားထုတ်နည်းသင်ယူဖို့ရန် အဆင်သင့်ဖြစ်နေ ကြသည်။

ကျွန်ုပ်၏ ဝိပဿနာခရီးသည် အလွန်တရာ ရှည်လျားသည်။ အိန္ဒိယနိုင်ငံကို အခြေခံပြုလျက် တစ်ကမ္ဘာလုံး၌ ဝိပဿနာအလင်းရောင် ထွန်းလင်းတောက်ပအောင် ပြုလုပ်ရမည်။ တစ်သက်လုံးလုပ်ရမည့် အလုပ်ဖြစ်သည်။ အခက်အခဲများစွာ ရှိသည်။ အဟန့်အတားများစွာ ရှိသည်။ မိမိအတွင်းသန္တာန်ထဲက အခက်အခဲများ၊ အပြင်အပ ဗဟိဒ္ဓ အခက်အခဲများ၊ အနှောင့်အယှက်များ၊ မိသားစု အဟန့်အတားများ၊ လူမှုရေး အနှောင့်အယှက်များ များစွာရှိသည်။ ယင်းအခက်အခဲများ၊ အနှောင့်အယှက်များ၊ အဟန့်အတားများကို ကျော်လွှားသွားနိုင်ရန်အတွက် ဓမ္မအင်အားက အကူအညီ ပေး နေသည်။ တစ်ခါတစ်ရံ အခက်အခဲများနှင့် ရင်ဆိုင်လာရသည့်အခါ မိမိ၏အားနည်း

mgyoe.com

mgyoe.com

မှုကြောင့် ခေတ္တခဏ အားလျော့သွားသည့်အကြိမ်မျိုးရှိသည်။ သို့သော်လည်း အချိန်မကြာမီအတွင်း ပြန်လည်ခေါင်းထောင်ထလာပြီးလျှင် ဓမ္မအားဖြင့် နှစ်ဆတိုးပြီး ရှေ့ခြေလှမ်းများကို ဆက်လက်လှမ်းလျှောက်သွားသည်။ ယခုအချိန်အထိ ပေါက် လာသော ခရီးသည် ရှေ့ခြေလှမ်းများ လှမ်းဖို့ရန်အတွက် အင်အားဖြည့်ပေးသည်။ ယခုအချိန်အထိ လျှောက်လာသောခရီး၏အင်အားသည် သူတစ်ထူးကျေးဇူးကို သိတတ်သော ကတညုတ ကတဝေဒီ ဓမ္မအင်အား ဖြစ်သည်။ ယင်းအင်အားသည် ရှေ့ခရီး ဆက်လက်သွားဖို့ရန်အတွက် အင်အားဖြစ်သည်။

ထို့ကြောင့် အကြိမ်များစွာ ကတညုတမင်္ဂလာတရားတော်ကို ကျင့်သုံးဆောက်တည်နေရသည်။ တိမ်မြုပ်ပျောက်ကွယ်သွားသော ဝိပဿနာ နည်းပညာကို တစ်ဖန်ပြန်ဖော်ထုတ်ပေးသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကိုလည်းကောင်း၊ ဆရာကြီး ဦးဘခင်အထိ ယင်းကောင်းကျိုးပြုတတ်သော နည်းနိဿရည်းကို ပင်ကို ပုံစံမပျက် ထိန်းသိမ်းလာခဲ့ကြသော ဆရာစဉ်ဆက်များကိုလည်းကောင်း၊ ဝိပဿနာကျင့်ကြံအားထုတ်နည်း ဖြန့်ဖြူးရာ၌ ကိုယ်ရောစိတ်ပါ အကူအညီပေးကြသော မိမိ၏မိသားစုများကိုလည်းကောင်း၊ ဓမ္မလမ်းကြောင်း လျှောက်ရာ၌ ဖေးမကူညီကြသော အပေါင်းအသင်းရောင်းရင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အားပေးကူညီကြသူများကိုလည်းကောင်း၊ ကျေးဇူးကမ္ဘာတင်ရှိပါ၏။ လွန်ခဲ့သော ဆယ်နှစ်ကာလအတောအတွင်း သိ၍ဖြစ်စေ၊ မသိဘဲနှင့် ဖြစ်စေ၊ ကာယ၊ ဝစီ၊ မနော သုံးပါးထဲက တစ်ပါးပါးဖြင့် မိမိအနေနှင့် အပြစ်ကျူးလွန်မိသည်ရှိသော် ယင်းအပြုခံရသူများအား လက်စုံမိုး၍ ခွင့်လွှတ်စေကြောင်း တောင်းပန်ပါသည်။

❑

mgyoe.com